# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၃)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## ထုတ်ကုန်ပစ္စည်းများအနေဖြင့် ဈေးကွက်ရရှိရန်လိုအပ်မည်ဖြစ်ပြီး ရောင်းကုန်ပစ္စည်းများလည်း ဖြစ်ရန်လိုအပ်မည်ဖြစ် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် စီးပွားရေးအသိအမြင်များရှိရန်လည်း မဖြစ်မနေလိုအပ်

နေပြည်တော် မေ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဒေသဆိုင်ရာအချက်အလက်များ၊ မိုးရေချိန်ရရှိမှုနှင့် မြေအသုံးချမှု၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၄-၂၀၂၅ (၅) နှစ်တာ ကာလအတွင်း လယ်ယာကဏ္ဍဆိုင်ရာ သီးထပ်၊ သီးနှံစိုက်စွမ်းအား တိုးတက်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အရေးကြီး သီးနှံ (၁၄) မျိုး စိုက်ပျိုး

*စာမျက်နှာ ၃ ကော်လံ ၁* ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်စားသောက်ကုန်များကို စိတ်ပါဝင်စားစွာကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

နေမင်း၏ အလင်းစွမ်းရည်ဖြင့် ကမ္ဘာမြေကို အလှဆင်ကြမည် — ဆောင်းပါး စာ ၆

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ — ဆောင်းပါး စာ ၁၀

တရုတ်နှင့် အမေရိကန်သမ္မတတို့ ပေကျင်းမြို့၌ သီးသန့်တွေ့ဆုံ — နိုင်ငံတကာသတင်း စာ ၁၄




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❖ **မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့် တိုင်းဒေသကြီးတစ်ခုဖြစ်၊ အရေးကြီးသီးနှံ (၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ်အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလို၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့်ပါဝင်**

❏ *ရှေ့ဖုံးမှ*

ထုတ်လုပ်မှုနှင့် ပန်းတိုင်ရရှိမှု၊ နှစ်အလိုက် ဆန်၊ ဆီ၊ ပဲ ဖူလုံမှု၊ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ ရယူထားရှိမှုနှင့် ပြန်လည်ပေးဆပ်နိုင်မှု၊ ပထမရက် (၁၀၀) အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဒေသတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်မှုဇုန်များ တည်ထောင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှု၊ အစိုးရသစ်ပထမရက် (၁၀၀) အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်လျာထားမှု၊ နိုင်ငံတော်သမ္မတ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ၊ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများနှင့် အစိုးရသစ်၏ ပထမရက်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်သွားမည့် အစီအမံကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်စဉ် မိမိတို့လုပ်ငန်းရှင်များ၏ တွေ့ကြုံနေရမှုများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ တင်ပြခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မန္တလေး–မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ချောမွေ့မှန်ကန်လျင်မြန်စွာ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စက်မှုဇုန်များ လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှအကူအညီများရရှိရန် လိုအပ်လျက်ရှိမှု၊ မန္တလေးစက်မှုဇုန်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အလုပ်အကိုင်များ ဖော်ဆောင်ပေးလျက်ရှိမှု၊ နိုင်ငံတကာနည်းပညာဖိုရမ်၊ နိုင်ငံတကာစီးပွားရေးဖိုရမ်များသို့ မန္တလေးစက်မှုဇုန်ရှိ သင့်လျော်သောလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီသည့်ရက်ကန်းစက်များ တင်သွင်းခွင့်ရရှိရေးနှင့် ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ မန္တလေးစက်ရုံရှိ သံရည်ကျိုလုပ်ငန်းရှင်များ စုဖွဲ့၍ဆောက်လုပ်ရေးသုံး သံပန်းလုံးများကို ငလျင်ဒဏ်ခံနိုင်သော အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်လျက်ရှိမှုနှင့် သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## ပြည်ထောင်စုဝန်ကြီးများကသက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြရာတွင် စက်မှုဇုန်များအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းစက်မှုလုပ်ငန်းရှင်များအား နိုင်ငံတကာနည်းပညာဖိုရမ်များနှင့် စီးပွားရေးဖိုရမ်များသို့ စေလွှတ်ပေးလျက်ရှိမှုနှင့် ပိုမိုစေလွှတ်ပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့် သံမဏိများအား ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သစ်နှင့် ဝါး ထုတ်ကုန်ပစ္စည်းများအား အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်မှု၊ လေထုညစ်ညမ်းမှုလျော့ချရေးအတွက် မီးခိုးမြူငွေ့လျော့ပါးပပျောက်ရေး လုပ်ငန်းစဉ်များနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မတည်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ သွင်းအားစုနှင့် နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့် မျိုးစေ့များရရှိရေးနှင့် အခြားလိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အနေဖြင့် ပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့် Public Transportation စနစ်တစ်ခုဖြစ်သည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်အား ပိုမိုတိုးတက်ကောင်းမွန်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပြီး Digitalization ကို ဖော်ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ်တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ပြည်သူလူထုနှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့၊ စက်မှုမြို့ဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ်များဖြင့် ပြည့်ဝနေသည့် မြို့တစ်ခုဖြစ်ကြောင်း၊ ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း မိမိတို့နိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပီပီပြင်ပြင်ဖြင့် ဖော်ပြနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သဖြင့် မန္တလေးမြို့ရှိ ပြည်သူများအားလုံးကို ဂုဏ်ပြုကျေးဇူးတင်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ အရေးကြီးသီးနှံ(၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ် အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှု မြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ ကမ္ဘာ့နိုင်ငံတိုင်းတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့နေရမှုနှင့်အတူ မိမိတို့နိုင်ငံသည်လည်း ခံစားရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

## စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries) များကို အားပေးမြှင့်တင်

မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ပန်းတိုင်ရည်မှန်းချက်သီးနှံ ၁၀ မျိုးတွင် နှစ်စဉ်မြန်မာကျပ်ငွေ ၃၇၆၅ ဘီလီယံခန့် လျော့နည်းနစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ထိခိုက်နစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့် စိုက်ဧကအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံအများအပြား၌ပင် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည်ပင်လျှင် စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ အများအပြားတင်ပို့နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တွင် အတန်းပညာမြင့်မားပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာရရှိရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးကို ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် အားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အတန်းပညာမှတစ်ဆင့် အတတ်ပညာ၊ အသိပညာများကို ပိုမိုပြည့်စုံအောင်ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေး ရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ပိုမိုပေါ်ထွက်လာစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့တွင် သင်ကြားပေးလျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်လူရွယ်များကိုဆက်လက်အားပေးမွေးထုတ်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသား၊ ငါး ဈေးနှုန်းများ ကြီးမြင့်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

## နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့် လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြရန် ကြိုးပမ်းဆောင်ရွက်

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄–၂၀၂၅ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်း ကျန်းမာရေးကောင်းမွန်ရန်လိုကြောင်း၊ လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကောင်းမွန်ရန်အတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နေထိုင်စားသောက်မှု၊ ပညာသင်ကြားမှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပညာရေးအားကောင်းမွန်လာခြင်းနှင့်အတူ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့် လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ဝါစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါကိုစိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီးသည် ဒုတိယအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းများ တိုးတက်လာစေရေးအတွက်လည်း တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝါမှချည်နှင့်ချည်ထည်များကို ထုတ်လုပ်နိုင်သကဲ့သို့ ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်မှ တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ကြောင်း၊ ဝါဖန်စက်များကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး အောင်မြင်ပြီးပါက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီးအတွင်း တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများအနေဖြင့် ဈေးကွက်ရရှိရန် လိုအပ်မည်ဖြစ်ပြီး ရောင်းကုန်ပစ္စည်းများလည်း ဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် စီးပွားရေးအသိအမြင်များ ရှိရန်လည်းမဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးလျက်ရှိနေခြင်းဖြစ်ကြောင်း၊ "ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်" ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စုပေါင်းဆောင်ရွက်သည့် စနစ်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းတွင် အားနည်းသူများစုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်လာပြီး ဝင်ငွေများပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် သမဝါယမစနစ်ကိုကျင့်သုံးလျက်ရှိနေကြကြောင်း။

လာမည့် ဇွန် ၁ ရက်နေ့ဆိုပါက ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခုလ ၂၅ ရက်နေ့မှစ၍ ကျောင်းအပ်နှံရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

## စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး

ရေရရှိရေးနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ရေဖူလုံစွာရရှိရေး၊ ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို အကျိုးရှိအောင်အသုံးချ၍ ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်၍ ရာသီဥတုပူပြင်းလာခြင်းကို မိမိတို့အနေဖြင့် ပြောင်းလဲ၍မရနိုင်သော်လည်း သက်သာအောင် ဆောင်ရွက်နိုင်ကြောင်း၊ ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များ စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာ တစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ရာသီဥတုကို ရရှိစေခြင်းတို့ဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုအေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ကာ ဒေသသို့ လာရောက်လည်ပတ်သူများလည်း များပြားလာစေမည်ဖြစ်ကြောင်း၊ "အိမ်သာလျှင် ဧည့်လာမည်" ဟူသည့်အတိုင်း မိမိတို့ဒေသ သာယာလှပရေး၊ ဒေသ၏ ရိုးရာအမွေအနှစ်များ၊ ရိုးရာအဝတ်အစားနှင့် အစားအသောက်များ ကောင်းမွန်စေရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကို အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားများဝင်ရောက်ခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အဝတ်အထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **နိုင်ငံတော်တွင် အတန်းပညာမြင့်မားပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာရရှိရန်လိုအပ်**

❖ **မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

**မကွေး မေ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ငွေးတို့နှင့်အတူ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့တက်ရောက်လာကြသည့် မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံတော်၏ ဒုတိယစာမျက်နှာကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ နိုင်ငံရေးပါတီများဖြင့် အတူတကွ ဖွင့်လှစ်လက်တွဲ လျှောက်လှမ်းနိုင်ရေးနှင့် မိမိတို့ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်မှ ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပကြရပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင် (၃) ရပ် ပေါ်ပေါက်လာပါကြောင်း၊ အဆိုပါ မဏ္ဍိုင် (၃) ရပ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် တူညီစွာဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူကိုယ်စားပြုပြီး မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်အတွင်းမှ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အခက်အခဲနှင့် လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်း အကြံပြုတင်ပြပေးစေလိုကြောင်း။

လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်ကို အဓိကဆောင်ရွက်ရသည့် အားလျော်စွာ ပြည်သူများ အေးချမ်းလုံခြုံစွာဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နေထိုင်နိုင်စေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချို့သော တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး တည်ဆဲဥပဒေများကိုလည်း ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများ၊ ပြည်သူကို လုံခြုံမှုပေးနိုင်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးရေးကို အားကောင်းစေသည့် ဥပဒေများအား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လတ်တလော အနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို လာမည့် လွှတ်တော်များအတွင်း ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်သင့်သည်များ သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအနေဖြင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် မိမိတို့လွှတ်တော်က ဥပဒေပြုဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက အကြံပြုတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တင်ပြချက်များကို မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**




# မြိတ်မြို့ မြိတ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုအားပေး



**နေပြည်တော် မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာ ပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှု ရှိစေရန်တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁၀)ကို ဧပြီ ၂၇ ရက်မှစတင်၍ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်း၌ တက်ရောက် သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများအား ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ် ကျော်လင်းမောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်ချုပ် ကျော်လင်းမောင်က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၁၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူး လဆန်း ၆ ရက်) မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏၊ တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။**

# နေမင်း၏ အလင်းစွမ်းရည်ဖြင့် ကမ္ဘာမြေကို အလှဆင်ကြမည်

ဝသန်

တစ်နေ့တာ စွမ်းအင်အသုံးပြုမှုပမာဏကို သိပ္ပံပညာရှင်တွေက Terawatt-hours-TWh (တာရာဝပ်-အာဝါ) နဲ့ တိုင်းတာကြပါတယ်။ ခန့်မှန်းအားဖြင့် တစ်နေ့ကို ကမ္ဘာကြီးက ၄၅၀၀ တာရာဝပ်-အာဝါ ကို အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါဆိုရင်ကမ္ဘာကြီးကို အလင်းစွမ်းအင်နဲ့ အပူစွမ်းအင်ပေးနေတဲ့ နေမင်းကြီးဆီကရော တစ်နေ့ကို ဘယ်လောက်များတဲ့ အလင်းစွမ်းအင်တွေ ကမ္ဘာမြေပေါ်ရောက်ရှိနေပါသလဲ။ သိပ္ပံပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ နေကနေ ကမ္ဘာမြေပေါ်ကို တစ်ချိန်တည်းမှာ ၁၇၃၀၀၀ တာရာဝပ် (TW) ခန့်သော စွမ်းအားရောက်ရှိနေပြီး တစ်နေ့တာအတွင်း ရရှိနိုင်တဲ့ နေစွမ်းအင်ပမာဏက ၄ ဒသမ ၁၅ သန်း တာရာဝပ်- အာဝါ (TWh)ခန့် ကမ္ဘာမြေကြီးက ရရှိနေပါတယ်။

**❝ ကုမ္ပဏီကြီးအချို့က လူမှုတာဝန်သိသော အကျိုးပြုလုပ်ငန်း {Corporate Social Responsibility (CSR)} တစ်ခုအဖြစ် နေအိမ်သုံးဆိုလာစနစ် တပ်ဆင်ရေးမှာ အရှိန်အဟုန်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက ကျေးလက်ဒေသနဲ့ မြို့ပြဒေသမှာ ဆိုလာပြားဝယ်ယူတင်သွင်းတာ၊ တပ်ဆင်တာ၊ ပြုပြင်ထိန်းသိမ်းတာတွေမှာ အမြတ်အစွန်းမယူဘဲ ကုန်ကျစရိတ်အတိုင်းသာ ဆောင်ရွက်ပေးမယ်ဆိုရင် နေအိမ်သုံးဆိုလာစနစ် တပ်ဆင်ရေးအတွက် တွင်တွင်ကျယ်ကျယ် အထောက်အကူရရှိစေမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ အားလုံးက မြန်မာနိုင်ငံမှာ နေအိမ်သုံးဆိုလာစနစ် တွင်တွင်ကျယ်ကျယ် တပ်ဆင်အသုံးပြုရေးအတွက် ပရဟိတလုပ်ငန်းတစ်ရပ်လို အားတက်သရော ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ပေးစေချင်တာပါ ❞**

ဒီကိန်းဂဏန်းတွေကို ကြည့်လိုက်ရင် နေဟာ ကမ္ဘာပေါ်က လူသားတွေ သုံးနေတဲ့ လျှပ်စစ်ထက် အဆ ၁၀၀၀ နီးပါး ပိုမိုကြီးမားတဲ့ စွမ်းအင်အရင်းအမြစ်ကြီးဆိုတာ အထင်အရှားဖြစ်ပါတယ်။ ဒါပေမယ့် အံ့အားသင့်စရာကောင်းတာက ဒီစွမ်းအင်အများကြီးထဲက အလွန်သေးငယ်တဲ့ အပိုင်းအစလောက်ကိုသာ လူသားတွေက ဆိုလာနည်းပညာနဲ့ လျှပ်စစ်အဖြစ် ပြောင်းလဲအသုံးချနိုင်ပါသေးတယ်။

ဆိုလာစနစ်ကို အဓိကအသုံးပြုသင့်တဲ့ အကြောင်းရင်းတွေကတော့ စွမ်းအင်ကုန်ကျစရိတ် လျှော့ချနိုင်တာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေတာနဲ့ ရေရှည်မှာ လျှပ်စစ်လုံခြုံမှု ပိုမိုကောင်းမွန်လာစေတာတွေကြောင့် ဖြစ်ပါတယ်။ ဒ့ါအပြင် နေအိမ်သုံးဆိုလာစနစ် (Solar Home System) ကို တတ်နိုင်သလောက် တွင်တွင်ကျယ်ကျယ် ဝိုင်းဝန်းအသုံးပြုကြမယ်ဆိုရင် မိမိတစ်ဦးတည်းသာမကဘဲ ကျန်တဲ့နိုင်ငံသားတွေကိုပါအကျိုးကျေးဇူးရရှိစေမှာ၊ လျှပ်စစ်အသုံးပြုသူ ဦးရေတိုးပွားစေတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိစေတာ စတဲ့ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက များစွာအကျိုးရှိ၊ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ပြီးတော့လည်း နေအိမ်သုံးဆိုလာစနစ်ဆိုတာ နေရောင်ခြည်ကို အသုံးပြုပြီး လျှပ်စစ်ထုတ်လုပ်တာဖြစ်လို့ လောင်စာဆီ ဒါမှမဟုတ် မီးစက်လို အဆက်မပြတ် ကုန်ကျစရိတ်မျိုးမရှိဘဲ တစ်ကြိမ်တပ်ဆင်ပြီးတဲ့အခါ ရေရှည်အသုံးပြုနိုင်တဲ့ အားသာချက်တွေရှိမှာ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ဖို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) အသုံးပြုမှုကို အလေးထားလာကြချိန်မှာ ဆိုလာစနစ်က အရေးအပါဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်။

ဆိုလာစနစ်က မိမိတို့နိုင်ငံလို လျှပ်စစ်မီးတစ်နိုင်ငံလုံး မလွှမ်းခြုံနိုင်သေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအဖို့ အရေးကြီးတဲ့ အစားထိုးစွမ်းအင်အရင်းအမြစ်တစ်ခုလည်း ဖြစ်ပါတယ်။ မီးပျက်ချိန်တွေမှာ ဘက်ထရီပါဝင်တဲ့ ဆိုလာစနစ်နဲ့ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေကို အဆင်ပြေပြေ အသုံးပြုနိုင်တာမို့ နေ့စဉ်လူမှုဘဝမြင့်မားဖို့လည်း များစွာအထောက်အကူ ဖြစ်စေပါတယ်။ ကမ္ဘာပေါ်မှာ ဆိုလာစနစ်ဟာ စီးပွားရေးအရ ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုခြင်းနဲ့ လျှပ်စစ်လုံခြုံမှုကို မြှင့်တင်ပေးနိုင်ခြင်းတို့ကြောင့်လည်း အိမ်သုံးနှင့် လုပ်ငန်းသုံး နှစ်မျိုးစလုံးအတွက် တဖြည်းဖြည်း အရေးပါလာခဲ့တဲ့ စွမ်းအင်ဖြေရှင်းချက်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ကမ္ဘာပေါ်ရှိ နေအိမ်တွေမှာ ဆိုလာစနစ်ကို အများဆုံးအသုံးပြုတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ဩစတြေးလျ၊ အမေရိကန်၊ ဂျာမနီနဲ့ အိန္ဒိယတို့ပါပဲ။ အထူးသဖြင့် ဩစတြေးလျနိုင်ငံမှာတော့ နေအိမ်သုံး ဆိုလာအသုံးပြုမှုက အလွန်မြင့်မားပြီး အိမ်သုံး အိမ်ထောင်စုတွေထဲက သုံးပုံတစ်ပုံလောက်မှာ အိမ်ခေါင်မိုးပေါ်မှာ တပ်ဆင်တဲ့ ဆိုလာပြားစနစ် (Rooftop Solar System) တွေ တပ်ဆင်ထားတယ်လို့ သိရပါတယ်။ ဒီနိုင်ငံတွေမှာ အများဆုံးအသုံးပြုတဲ့စနစ်ကတော့ အိမ်ခေါင်မိုးပေါ်မှာ တပ်ဆင်တဲ့ Rooftop Solar ဖြစ်ပြီး အဓိကအားဖြင့် On-grid နဲ့ Hybrid စနစ်တွေပါပဲ။ On-grid စနစ်က နိုင်ငံတော်ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်သုံးတာဖြစ်ပြီး Hybrid စနစ်ကတော့ ဘက်ထရီပါဝင်တဲ့အတွက် မီးပျက်တဲ့အချိန်မှာလည်း ဆက်လက်သုံးလို့ရပါတယ်။ မီတာခဈေးမြင့်တဲ့ နိုင်ငံတွေမှာတော့ ဒီ Hybrid စနစ်ကို ပိုပြီး လူကြိုက်များလာပါတယ်။

မကြာသေးမီနှစ်တွေထဲမှာ မြန်မာနိုင်ငံမှာလည်း နေအိမ်တွေမှာ ဆိုလာစနစ်အသုံးပြုမှု သိသိသာသာ တိုးလာပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project - NEP) အစီရင်ခံစာအရ ၂၀၁၆ ကနေ ၂၀၂၁ အတွင်းမှာ အစိုးရနဲ့ အဖွဲ့အစည်းတွေက အိမ်ထောင်စု လေးသိန်းကျော်ကို နေအိမ်သုံး ဆိုလာစနစ်တွေ တပ်ဆင်ပေးနိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါက တရားဝင် စာရင်းအခြေပြုထားတဲ့ အချက်အလက်တစ်ခုပါ။

ဒ့ါအပြင် ၂၀၂၁ နောက်ပိုင်းမှာလည်း မြို့ပြရော ကျေးလက်ဒေသတွေမှာပါ Private Rooftop Solar နဲ့ Hybrid Solar System တွေ အသုံးပြုမှုက တော်တော်လေး တိုးလာပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးအဆင့် အိမ်ထောင်စုအရေအတွက်ကို တိတိကျကျဖော်ပြထားတဲ့ တရားဝင်စာရင်းတော့ မရှိသေးပါဘူး။ International Energy Agency (IEA) နဲ့ သုတေသနအဖွဲ့အစည်းအချို့ကတော့ မီးမလုံလောက်မှုနဲ့ ဒီဇယ်ဈေးတက်မှုတွေကြောင့် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းတွေ တင်သွင်းခြင်းနှင့် တပ်ဆင်ခြင်းတွေ လျင်မြန်စွာ တိုးတက်လာနေတယ်လို့ပဲ မှတ်တမ်းတင်ထားပါတယ်။

အနာဂတ်အတွက် ဆိုလာအသုံးပြုမှုနဲ့ စုစုပေါင်းစွမ်းအင်ပမာဏတွေကိုတော့ အစိုးရအဆင့် တိတိကျကျ စာရင်းမရှိသေးပါဘူး။ ဒါကြောင့် International Energy Agency (IEA)၊ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) လို နိုင်ငံတကာ အဖွဲ့အစည်းတွေကတော့ စွမ်းအင်လိုအပ်ချက်၊ လျှပ်စစ်လက်လှမ်းမီမှုနဲ့ import data တွေအပေါ် မူတည်ပြီး ခန့်မှန်းတွက်ချက်မှုတွေ ပြုလုပ်နေကြတာပါ။ အဲဒီခန့်မှန်းချက်တွေအရတော့ မြန်မာနိုင်ငံမှာ Off-grid solar နဲ့ Rooftop solar အသုံးပြုမှုက ဆက်လက်တိုးလာနိုင်တယ်လို့ ဆိုထားပါတယ်။

ဆိုလာစနစ်တပ်ဆင်တဲ့အခါ ကုန်ကျစရိတ်ကတော့ အိမ်တစ်အိမ်နဲ့ တစ်အိမ်မတူပါဘူး။ ဘာကြောင့်လဲဆိုတော့ အိမ်သုံးလိုအပ်ချက်၊ စနစ်အမျိုးအစား On-grid၊ Off-grid၊ Hybrid နဲ့ သုံးမယ့် လျှပ်စစ်ပမာဏပေါ်မူတည်ပြီး အများကြီးကွာခြားသွားတာကြောင့်ပါ။ ဒါကြောင့် ဈေးနှုန်းဆိုပြီး တိတိကျကျမရှိဘဲ အသုံးပြုမှုအလိုက် အဆင့်လိုက်ခွဲပြီး တွက်ချက်ရပါတယ်။

**ကျွန်တော်လေ့လာမိသလောက် ၆ ကီလိုဝပ် အိမ်သုံးဆိုလာစနစ် တပ်ဆင်အသုံးပြုမယ်ဆိုရင် နံနက်ခင်း ၉ နာရီကနေ ညနေ ၃ နာရီအတွင်း ထမင်းပေါင်းအိုး၊ ဟင်းချက် ဒယ်အနီ၊ မီးပူနဲ့ ရေမော်တာတွေကို အလှည့်ကျအသုံးပြုနိုင်မှာဖြစ်ပြီး ကျန်တဲ့ လျှပ်စစ်ပစ္စည်းတွေကို ၂၄ နာရီ အသုံးပြုနိုင်မယ်လို့ သိရပါတယ်။**

**အဲကွန်းလို လျှပ်စစ်ပစ္စည်းတွေပါ သုံးမယ်ဆိုရင်တော့ Hybrid Solar System လိုမျိုး ၅ ကီလိုဝပ် အထက်စနစ်တွေ လိုအပ်လာနိုင်ပါတယ်။ အဲဒီလို အခြေအနေမှာတော့ ကုန်ကျစရိတ်နည်းနည်းများနိုင်ပြီး ဘက်ထရီအရည်အသွေးနဲ့ အသုံးပြုချိန်အပေါ် မူတည်လို့ ဈေးပိုမြင့်နိုင်ပါတယ်။ ဆိုလာစနစ်ကုန်ကျစရိတ်က “ဘယ်လောက်ဝပ် လို သလဲ” နဲ့ “ဘယ်ပစ္စည်းတွေကို ဘယ်လောက်ကြာကြာသုံးမလဲ” ဆိုတဲ့အချက်တွေပေါ် မူတည်ပြီး တွက်ရတာဖြစ်လို့ အိမ်တိုင်းအတွက် တိတိကျကျ တူညီတဲ့ ဈေးနှုန်းဆိုတာ မရှိပါဘူး။**

တပ်ပြီးသွားရင်လည်း ထိန်းသိမ်းစောင့်ရှောက်မှုက အရေးကြီးသလို သေချာဂရုတစိုက်ထားမယ်ဆိုရင် စနစ်က ပိုကြာရှည်ခံပြီး လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းလည်း ပိုကောင်းလာနိုင်ပါတယ်။ ဆိုလာပြားတွေကို ပုံမှန်သန့်ရှင်းရေးလုပ်ပေးဖို့၊ ဘက်ထရီတွေကိုလည်း Overcharge ဖြစ်တာ၊ ဒါမှမဟုတ် အားလုံးဝ ကုန်သွားတဲ့ Deep Discharge ဖြစ်တာမျိုး မဖြစ်အောင် Solar Charge Controller က မှန်ကန်စွာ အလုပ်လုပ်နေသလားဆိုတာ ပုံမှန်စစ်ဆေးဖို့လိုပါတယ်။ အင်ဗာတာနဲ့ လျှပ်စစ်ကြိုးတွေကိုလည်း ပုံမှန်စစ်ဆေးဖို့ လိုပါတယ်။

တချို့နိုင်ငံတွေမှာတော့ နေအိမ်သုံးဆိုလာစနစ်က ထုတ်လုပ်တဲ့ လျှပ်စစ်ကို နိုင်ငံတော်ဓာတ်အားလိုင်းထဲကို ပြန်ပို့ပြီး အသုံးချတဲ့စနစ်တွေရှိပါတယ်။ အဲဒါကို Net Metering နဲ့ Feed-in Tariff (FIT) စနစ်လို့ ခေါ်ကြပါတယ်။ ဒီစနစ်မှာဆိုရင် ကိုယ့်အိမ်က ထုတ်လုပ်တဲ့ လျှပ်စစ်နဲ့သုံးစွဲမှုကို နှိုင်းယှဉ်ပြီး ကျန်တဲ့ အပိုလျှပ်စစ်အတွက် အစိုးရ ဒါမှမဟုတ် လျှပ်စစ်ကုမ္ပဏီက ငွေကြေး ဒါမှမဟုတ် လျှော့ဈေး အဖြစ် ပြန်ပေးပါတယ်။

မြန်မာနိုင်ငံမှာတော့ လက်ရှိအချိန်အထိ နေအိမ်သုံး ဆိုလာစနစ်က ထုတ်လုပ်တဲ့လျှပ်စစ်ကို မီးလိုင်းထဲ ပြန်ရောင်းနိုင်တဲ့ Net Metering စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်သေးပါဘူး။ ဒါပေမယ့် ကမ္ဘာ့ဘဏ်ရဲ့ National Electrification Project အပါအဝင် နိုင်ငံတကာအစီရင်ခံစာတွေမှာတော့ ကျေးလက်ဒေသတွေမှာ နေအိမ်သုံးဆိုလာစနစ်တွေ တဖြည်းဖြည်းတိုးလာပြီး လူတွေ လျှပ်စစ်ကို ပိုမိုလက်လှမ်းမီလာတယ်လို့ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ ဆိုလာစနစ်အသုံးပြုမှု တိုးတက်ဖို့ အဓိကအခက်အခဲက တပ်ဆင်စရိတ်မြင့်မားမှုဖြစ်ပြီး အိမ်ထောင်စုတွေက တစ်ခါတည်း ငွေကြီးကြီးမားမား ထုတ်ရတာကြောင့် မလွယ်ကူပါဘူး။ ဒါကြောင့် ဘဏ္ဍာရေးအထောက်အပံ့စနစ်တွေ အရေးကြီးလာပါတယ်။ ပထမအနေနဲ့ Solar Loan လို ဘဏ်ချေးငွေစနစ်တွေ ဖွံ့ဖြိုးလာမယ်ဆိုရင် လူတွေက အရစ်ကျပုံစံနဲ့ ဆိုလာစနစ်ကို ဝယ်ယူနိုင်လာမယ်။ လစဉ် မီတာခလျှော့ကျတာနဲ့ ချေးငွေပြန်ဆပ်နိုင်တဲ့ပုံစံကိုသာ အသုံးပြုနိုင်ရင် လူတိုင်းအသုံးပြုလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကကုမ္ပဏီတွေကလည်း Installment Plan တွေ တိုးချဲ့လုပ်ဆောင်တာ၊ ဘဏ်နဲ့ Solar ကုမ္ပဏီတွေ ပူးပေါင်းပြီး ကနဦးပေးငွေ အနည်းငယ် ဒါမှမဟုတ် လုံးဝမလိုတဲ့စနစ်တွေ ရှိလာမယ်ဆိုရင် ပိုပြီးအသုံးပြုလာနိုင်ပါတယ်။

ကုမ္ပဏီကြီးအချို့က လူမှုတာဝန်သိသော အကျိုးပြုလုပ်ငန်း {Corporate Social Responsibility (CSR)} တစ်ခုအဖြစ် နေအိမ်သုံးဆိုလာစနစ် တပ်ဆင်ရေးမှာ အရှိန်အဟုန်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက ကျေးလက်ဒေသနဲ့ မြို့ပြဒေသမှာ ဆိုလာပြား ဝယ်ယူတင်သွင်းတာ၊ တပ်ဆင်တာ၊ ပြုပြင်ထိန်းသိမ်းတာတွေမှာ အမြတ်အစွန်းမယူဘဲ ကုန်ကျစရိတ်အတိုင်းသာ ဆောင်ရွက်ပေးမယ်ဆိုရင် နေအိမ်သုံး ဆိုလာစနစ် တပ်ဆင်ရေးအတွက် တွင်တွင်ကျယ်ကျယ် အထောက်အကူရရှိစေမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ အားလုံးက မြန်မာနိုင်ငံမှာ နေအိမ်သုံးဆိုလာစနစ် တွင်တွင်ကျယ်ကျယ် တပ်ဆင်အသုံးပြုရေးအတွက် ပရဟိတလုပ်ငန်းတစ်ရပ်လို အားတက်သရော ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ပေးစေချင်တာပါ။

အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းတဲ့ PPP စနစ်နဲ့ Solar Project တွေကို အကြီးစားကနေ အိမ်သုံးအထိ တိုးချဲ့နိုင်မယ်ဆိုရင် တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်အခြေခံအဆောက်အအုံလည်း တစ်ပြိုင်နက် ဖွံ့ဖြိုးလာနိုင်သလို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့လို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ Solar Financing Fund တွေ ထူထောင်နိုင်ပါက ဝင်ငွေနည်းအိမ်ထောင်စုတွေ၊ ကျေးလက်ဒေသတွေအတွက် များစွာ အထောက်အကူပြုမယ်လို့ မျှော်လင့်ရပါတယ်။

မြန်မာနိုင်ငံမှာ ဆိုလာစနစ်တိုးတက်ဖို့ နည်းပညာလိုအပ်သလို အရေးကြီးတာက ဘဏ္ဍာရေးလွယ်ကူမှုနဲ့ မူဝါဒပံ့ပိုးမှုလည်း လိုအပ်ပါတယ်။ အဲဒါတွေကို အစိုးရ၊ ပုဂ္ဂလိကနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ ပူးပေါင်းလုပ်ဆောင်နိုင်ပြီး နိုင်ငံသားတွေကလည်း ကြိုးစားအကောင်အထည်ဖော်ကြမယ်၊ ပူးပေါင်းပါဝင်ကြမယ်ဆိုရင် ရေရှည်တည်တံ့တဲ့ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မယ်လို့ ယုံကြည်မိပါကြောင်း။ ။

# မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်လျက်ရှိ

**နေပြည်တော် မေ ၁၅**

မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသော သဘာဝဘေး အန္တရာယ်များနှင့် ကူးစက်ရောဂါများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေး ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာ ရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တိုင်းရင်း ဆေးပညာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသ ကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက် မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေး တင်ပြ၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ငါးအစာကုန်ကြမ်း(ပဲပုပ်ဖတ်) တင်သွင်းခွင့်ကိစ္စ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၅**

ငါးအစာကုန်ကြမ်း(ပဲပုပ်ဖတ်) တင်သွင်းခွင့်ကိစ္စနှင့် ပတ်သက်သည့်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ပိုင်းက နေပြည်တော်ရုံးအမှတ်(၃၆) ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက ငါးအစာထုတ်လုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ အရည်အသွေးမြင့်အစာကို သက်သာ သောနှုန်းထားဖြင့် အသုံးပြုနိုင်ရေးအတွက် ပဲပုပ် ဖတ်တင်သွင်းခွင့်ကိစ္စအား စနစ်တကျညှိနှိုင်းဆောင် ရွက်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့်တာဝန်ရှိသူတို့က ငါးအစာ ကုန်ကြမ်း (ပဲပုပ်ဖတ်) တင်သွင်းရန် စိစစ်ပြုစုခြင်း၊ ပုဂ္ဂလိက ငါးပုစွန်အစာတောင့်စက်ရုံများက မှတ်ပုံတင်ရေးနှင့် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ ပံ့ပိုး ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ငါးအစာ ထုတ်လုပ်သည့်ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းအတွေ့အကြုံများနှင့်လိုအပ်ချက်များကို တင်ပြ ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁၅**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်း တွင် ပြည်ထောင်စုနယ်မြေ နေပြည် တော် ဒက္ခိဏသီရိမြို့နယ် စက်မှု ဇုန်ရှိ Myanmar New Power Co., Ltd. သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒက္ခိဏသီရိ စက်မှုဇုန်ရှိ MAPLE WIN NAYPYITAW Co.,Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် နေမှု၊ Dakhina Meat Export Co., Ltd. ၏ ပြုတ်ပြီး အေးခဲအသားနှင့် အသားခြောက်လုပ်ငန်းဆောင်ရွက် နေမှု၊ Nilar Frozen ကုမ္ပဏီ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များ အေးခဲထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေမှုတို့ကို သွားရောက် ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးသို့ တက် ရောက် အမှာစကားပြောကြား ပြီး တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြမှု များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ညောင်လေးပင်မြို့နယ်၌ စိုက်ပျိုးစရိတ်များ တိုးမြှင့်ထုတ်ချေး

**ညောင်လေးပင် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ၌ ရက်(၁၀၀) စီမံချက် ဖြင့် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ် တိုးမြှင့်ထုတ်ချေး ခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်က အမှာစကား



ပြောကြားပြီး မြို့နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေး ဘဏ် မန်နေဂျာက တောင်သူများအား ချေးငွေ စည်းကမ်းသတ်မှတ်ချက် များကို ဆွေးနွေးပြောကြားကာ ဝဲဝန်းကျေးရွာ အုပ်စုအတွင်းရှိ တောင်သူ ၁၀၄ ဦး အား စိုက်ပျိုး စရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး

**လှိုင် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ပိုင်သားဖွားခန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မရမ်းကုန်းခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့၊ လှိုင်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့်ဝန်ထမ်း များ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြပြီး တိုင်း ဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြား သည်။



ဆက်လက်၍ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဦးစီး ဌာနမှူး ဒေါက်တာဝေဆင့်ကျော် က သားဆက်ခြားနည်းလမ်း များအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး တာဝန်ရှိသူများက ကိုယ်ဝန် ဆောင်မိခင်များအား အာဟာရ ဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ် သည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**



မွန်ပြည်နယ် ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေး အန္တရာယ် ကြိုတင်သရုပ်ပြ လေ့ကျင့်ခြင်းကို မေ ၁၅ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးနှင့် တပ်ဖွဲ့ဝင် များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှု ကူညီကယ်ဆယ်ရေး အဖွဲ့များ လက်တွေ့သရုပ်ပြကြစဉ်။

**မြို့နယ် (ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး



**ကျိုင်းတုံ မေ ၁၅**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့နံနက်ပိုင်းက ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိုင်းပျဉ်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မိုင်းပျဉ်းမြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြရှင်းလင်းပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မိုင်းပျဉ်းမြို့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ၊ ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးနှင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းရေးတို့ကို ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပန်းတိုင်အထွက်နှုန်းတိုးမြှင့်ရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး မှာကြား၍ မိုင်းပျဉ်းမြို့ ပန်းဆန်းရပ်ကွက် မဟာဗန္ဓုလလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကရင်ပြည်နယ်၌ ပျားမွေးမြူရေးပညာပေးသင်တန်း လေးကြိမ် ဖွင့်လှစ်မည်

**ဘားအံ မေ ၁၅**
တောင်သူများ စနစ်တကျ ပျားမွေးမြူတတ်စေရန် ပျားမွေးမြူရေးပညာပေးသင်တန်း လေးကြိမ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ နိုင်းကြာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်သည့် ပျားမွေးမြူရေးပညာပေးသင်တန်းမှ သိရသည်။

သင်တန်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး**(ယာပုံ)** ပျားမွေးမြူရေးပညာပေးသင်တန်း သင်ထောက်ကူပစ္စည်းများနှင့် ပျားမွေးမြူရေးထုတ်ကုန်များကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းတွင် ပျာအုံတစ်အုံ၏ ဖွဲ့စည်းပုံ၊ ပျားအုံကိုင်တွယ်ထိန်းသိမ်းပုံ၊ ပျားဖြင့် ဝတ်မှုန်ကူးပေးပုံ၊ သီးနှံအထွက်တိုးပုံများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး ကျေးရွာ ရှစ်ရွာမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ သုံးရက် ကြာမြင့်မည်ဖြစ်သည်။

**ဆုများပေးအပ်**

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) တို့ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ဆက်လုပ်သားအဆင့် (၁) သင်တန်းဆင်းပွဲသို့တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။




**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကင်းထောက်လူငယ် သင်တန်းဆင်းပွဲကျင်းပ

**ပဲခူး မေ ၁၅**
၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကင်းထောက်လူငယ် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများက "ကင်းထောက် ဆိုသည်မှာ"သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။


ထို့နောက် ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများက တောတွင်းခရီးသွားခြင်း၊ အခြေချနေထိုင်ခြင်း၊ အခက်အခဲများ ကျော်လွှားခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းများကို သရုပ်ပြသပြီး ကင်းထောက်ဆောင်ပုဒ်ဖြစ်သည့် "အမြဲအသင့်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးကိုယ်စားပြု U-18 အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မကွေး မေ ၁၅**
၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်နှင့်အောက်အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မကွေးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်စေရေး အားကစားစိတ်ဓာတ်အပြည့်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြရန် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကိုယ်စားပြု U-18 အမျိုးသားဘောလုံးအသင်း အုပ်ချုပ်သူထံ အောင်နိုင်ရေးအလံကို လွှဲပြောင်းပေးအပ်ကာ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



# နတ်မောက်မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ AI နည်းပညာသင်တန်း ဖွင့်လှစ်



**နတ်မောက် မေ ၁၅**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံ AI နည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားရာ ဒေသခံလူငယ်များနှင့် နည်းပညာစိတ်ပါဝင်စားသူ ၃၀ တက်ရောက်ကြသည်။

သင်တန်းတွင် နည်းပြဆရာမ ဒေါ်ကြည်ထွေးက ယနေ့ခေတ်ကာလတွင် AI နည်းပညာသည် ကဏ္ဍစုံတွင် အရေးပါလာသည့်အတွက် လူငယ်များအနေဖြင့် နည်းပညာကို စနစ်တကျအသုံးချတတ်စေရန်နှင့် လုပ်ငန်းခွင်အတွင်း အထောက်အကူပြုစေရန် AI ၏ အခြေခံသဘောတရားများ၊ နေ့စဉ်လူမှုဘဝတွင် AI ကို အကျိုးရှိရှိ အသုံးချနည်းများ၊ စာသားနှင့် ရုပ်ပုံများဖန်တီးပေးသည့် AI Tool များ အသုံးပြုပုံ စသည့် ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**လှဝင်း**

## ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသာဘာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၁၅**

၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထက(၇)၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ သင်တန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဖွင့်ပွဲတွင် ဖျော်ဖြေခဲ့ကြသည့် အဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ယင်းနောက် Yangon Convention Center(YCC) ၌ ကျင်းပသည့် BUILD SMART & BIGGEST MYANMAR PRODUCTION နှင့် MCEF နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ် အခမ်းအနားနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည့် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တောင်သူများအား မြန်မာ(GAP) အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲတို့သို့ တက်ရောက်အမှာစကားပြောကြားပြီး သုံးခွမြို့နယ်ရှိ ပဲတီစိမ်း စိုက်ပျိုးဧက ၉၂၂၀ ပေါ်တွင် စိုက်ပျိုးလျက်ရှိသော တောင်သူ ၈၃၉ ဦးနှင့် ဆလတ်ရွက် စိုက်ပျိုးတောင်သူများအား မြန်မာ(GAP) အသိအမှတ်ပြုလက်မှတ် စုစုပေါင်း ၁၄ စောင်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဗွဲ့ထက်ကို(မြန်/ဆက်)**



## ရှမ်းပြည်နယ် ဘဏ်ခွဲ၏ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ကျင်းပ




**တောင်ကြီး မေ ၁၅**

၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အမှာစကား ပြောကြားပြီး ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရန် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ သီးနှံအာမခံထားရှိ ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

**အဆင့်ဆင့်ကြီးကြပ်**

မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိရှမ်းပြည်နယ်ရုံးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး အစိုးရအဖွဲ့၏ ရက်(၁၀၀)အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဆောင်ရွက်သည့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် လယ်ယာသုံးစက်ကိရိယာ ထုတ်ချေးရေးဆိုင်ရာကိစ္စများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဘဏ္ဍာငွေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများကို စောင့်ထိန်းလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငွေကြေးအလွဲသုံးစားမှုများ မဖြစ်စေရေး အဆင့်ဆင့် ကြီးကြပ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

## ကျေးရွာကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆိုလာအသေးစား ဓာတ်အားပေးစနစ် ဆောင်ရွက်သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာကုန်ထုတ် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆိုလာအသေးစား ဓာတ်အားပေးစနစ် ဆောင်ရွက်သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၃၆–ဘီ) ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဆိုလာအသေးစား ဓာတ်အားပေးစနစ် ဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆိုလာအသေးစား ဓာတ်အားပေးစနစ် ဆောင်ရွက်သည့် ကုမ္ပဏီများ၏ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစေ့များ ပေးအပ်

**မင်းလှ မေ ၁၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ဆီထွက်သီးနှံမျိုးစေ့များ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက ဆီထွက်သီးနှံအထူးဇုန်–၂ ဧရိယာအတွင်း စိုက်ပျိုးမည့် အုပ်စုငါးအုပ်စုမှ တောင်သူများအတွက် နှမ်းသီးနှံ မကွေးနှမ်းနက်၂/၁၄ မျိုးစေ့ တစ်ဧက နှစ်ပြည်နှုန်း၊ နေကြာသီးနှံ ဆင်းရှေကြာ–၂ မျိုးစေ့ တစ်ဧက လေးပြည်နှုန်းနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် မျိုးစေ့ တစ်ဧက ငါးပြည်နှုန်းဖြင့် မျိုးသန့်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို စိတ်ဝင်စားသူများအတွက် မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များစာအုပ် မိတ်ဆက်

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ အလုပ်အမှုဆောင် အငြိမ်းစား သံအမတ်ကြီး ဦးထင်လင်းက လောင်အမည် ကိုကိုချို(ချောက်) ရေးသားသည့် မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များ စာအုပ်မိတ်ဆက်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ရုံး၌ ကျင်းပသည်။



အဆိုပါစာအုပ်တွင် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်ဆိုသည်မှာ၊ ဘဝသစ်အတွက် လှေစီးသွားလာသူများ၊ ကျွန်တော်နှင့် ဘရူနိုင်းပြည်သူများ၊ Multilateral Diplomacy ဟု ဆိုရာတွင်၊ Conference Diplomacy နှင့် Multilateral Diplomacy တို့ ဆုံစည်းရာ၊ Mediation အကြောင်း တစေ့တစောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် စသည့် ဆောင်းပါးများအပြင် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ပတ်လည် မဂ္ဂဇင်းနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သည့် ဆောင်းပါးများ ပါဝင်သည်။

ယင်းစာအုပ်ကို စာပေလောကပုံနှိပ်တိုက်တွင် ပုံနှိပ်ကာ ပြုံးသမီးစာပေမှ ထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် စာပေလောကနှင့် အခြားစာအုပ်ဆိုင်များ (သို့မဟုတ်) ဖုန်း ၀၉၄၂၀၂၂၂၈၈၃ (Viber)သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

စာအုပ် မိတ်ဆက်ပွဲတွင် စာအုပ် မိတ်ဆက်ခြင်းနှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၌ အဖွဲ့၏ လုပ်ငန်းဆောင်တာများ အကြောင်း ဟောပြောမိတ်ဆက်ခဲ့ကာ သတင်းမီဒီယာလောကမှ ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ တက္ကသိုလ်မှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မိုးညှင်းမြို့၌ တိုင်းရင်းကြက်နှင့် ဝက်မွေးမြူရေး သင်တန်းဖွင့်

**မိုးညှင်း မေ ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပထမရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သော တိုင်းရင်းကြက်နှင့် ဝက်အခြေခံမွေးမြူရေးသင်တန်းကို မေ ၁၃ ရက်မှစ၍ အဆိုပါဦးစီးဌာနရုံး၌ ဖွင့်လှစ်ရာ ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်စွာထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မိုးညှင်းမြို့နယ် မြိုင်ကျေးရွာမှ မွေးမြူရေးတောင်သူ စုစုပေါင်း ၁၇ ဦးအား မေ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ သင်တန်းဖွင့်လှစ်ပို့ချက်လျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

**အိမ်မြင်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့

သီသီသောင်း

၂၀၂၆ ခုနှစ် မေလ ၁၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ (International Museum Day – IMD) ဖြစ်သည်။ ယခုနှစ် IMD Theme ကို International Council of Museums မှ "Museums Uniting a Divided World" ဟု သတ်မှတ်ထားပြီး **"ကွဲပြားခြားနားသော ကမ္ဘာကြီးအား ပေါင်းစည်းပေးသော ပြတိုက်များ"** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။


ယင်းခေါင်းစဉ်သည် ကွဲပြားမှုများဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးအတွင်း ယဉ်ကျေးမှု၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ကွာဟချက်များကို ချိတ်ဆက်ပေးနိုင်သည့် တံတားများအဖြစ် ပြတိုက်များ၏ အခန်းကဏ္ဍကို ထင်ရှားစေပါသည်။ ထို့အပြင် ပြတိုက်များတွင် ပြသထားသောပစ္စည်းများနှင့် ဇာတ်လမ်းများသည် မတူကွဲပြားသော ယဉ်ကျေးမှုများကို ချိတ်ဆက်ပေးနိုင်ပြီး အတိတ်နှင့် ပစ္စုပ္ပန်ကို ပေါင်းကူးပေးသည့် အရေးပါသောအခန်းကဏ္ဍ ဖြစ်လာကြသည်။


ယနေ့ခေတ်တွင် ကမ္ဘာကြီးသည် မတူကွဲပြားမှုများနှင့် လူမှုရေးကွာဟချက်များကြောင့် ပိုမိုရှုပ်ထွေးလာလျက်ရှိသည့်အလျောက် ပြတိုက်များသည် သမိုင်းနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းသည့်နေရာများသာမက လူသားအချင်းချင်း နားလည်မှု၊ ညီညွတ်မှုနှင့် ဆက်သွယ်မှုများကို ဖော်ဆောင်ပေးနိုင်သည့် အရေးပါသောအဖွဲ့အစည်းများအဖြစ် တိုးတက်ပြောင်းလဲလာသည်။ ပြတိုက်များသည် အများပြည်သူတို့ တွေ့ဆုံဆက်သွယ်နိုင်သည့် နေရာများ၊ ဆွေးနွေးဖလှယ်နိုင်သည့် ပလက်ဖောင်းများနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးသည့် အခြေခံအင်အားတစ်ရပ်အဖြစ် တိုးတက်လာကြပါသည်။ ထို့အပြင် ပြတိုက်များသည် ပညာရေး၊ သုတေသန၊ ဖန်တီးမှုနှင့် လူမှုဖွံ့ဖြိုးရေးတို့အတွက်လည်း အရေးပါသော အဖွဲ့အစည်းများအဖြစ် တိုးတက်ပြောင်းလဲလာပြီး ကမ္ဘာ့လူမှုအသိုင်းအဝိုင်းအတွင်း ငြိမ်းချမ်းရေးနှင့် နားလည်မှုကို တည်ဆောက်ရာတွင် အရေးပါသော တံတားများအဖြစ် တည်ရှိလျက်ရှိပါသည်။

### ၂၀၂၆ ခုနှစ် IMD Theme ၏ အဓိက အကြောင်းအရာများ

၂၀၂၆ ခုနှစ် IMD Theme ဖြစ်သည့် **"ကွဲပြားခြားနားသော ကမ္ဘာကြီးအား ပေါင်းစည်းပေးသော ပြတိုက်များ"** (Museums Uniting a Divided World) ဟူသော ခေါင်းစဉ်က ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော ကွဲပြားမှုများကို လျှော့ချရန် အရေးပါသော အဓိပ္ပာယ်တစ်ရပ်ကို ထင်ဟပ်ပါသည်။ ပြတိုက်များသည် ကမ္ဘာတစ်ဝန်း ယဉ်ကျေးမှုများအကြား ဆက်သွယ်မှုများ ဖန်တီးပေးနိုင်သည့်အပြင် လူများအကြား ယုံကြည်မှုနှင့် နားလည်မှုကို တည်ဆောက်ပေးနိုင်သည့် နေရာများဖြစ်ကြသည်။

> ❑ **လူမျိုးရေး၊ ဘာသာရေး၊ မျိုးဆက်ကွာဟမှုနှင့် နိုင်ငံအကန့်အသတ်များကို ကျော်လွန်၍ အတွေ့အကြုံများကို မျှဝေဖလှယ်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ပြတိုက်များသည် ယုံကြည်စိတ်ချရသော အများပြည်သူဆိုင်ရာ နေရာများအဖြစ်သာမက လူမှုရေးဖွဲ့စည်းပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ပိုမိုခိုင်မာလာပြီး လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုနှင့် ညီညွတ်မှုကို တည်ဆောက်ပေးနိုင်**




**(၁) ညီညွတ်မှုနှင့် ပါဝင်မှုမြှင့်တင်ခြင်း**

ပြတိုက်များသည် ယုံကြည်စိတ်ချရသော အများပြည်သူဆိုင်ရာ နေရာများအဖြစ် တည်ရှိပြီး မတူကွဲပြားသည့် လူမှုအသိုင်းအဝိုင်းများအကြား ဆွေးနွေးဖလှယ်မှု၊ ပါဝင်မှုအခွင့်အလမ်းများနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ဖန်တီးပေးနိုင်သည့် အရေးပါသော ပလက်ဖောင်းများဖြစ်သည်။

**(၂) လူမှုအသိုင်းအဝိုင်းများအကြား ကွာဟချက်များကို ချိတ်ဆက်ပေါင်းကူးခြင်း**

ပြတိုက်များသည် လူမှုအသိုင်းအဝိုင်းများအကြား ကွဲပြားမှုများနှင့် အသိပညာရရှိမှု မညီမျှမှုများကြောင့် ဖြစ်ပေါ်လာသည့် ကွာဟချက်များကို ဖြေရှင်းရာတွင် ယုံကြည်မှုနှင့် ပေါင်းကူးချိတ်ဆက်မှုကို တည်ဆောက်ပေးနိုင်သည့် အရေးပါသော အခန်းကဏ္ဍကို ထမ်းဆောင်လျက်ရှိသည်။

**(၃) ကုလသမဂ္ဂ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့်ကိုက်ညီမှု**

၂၀၂၀ ပြည့်နှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ Theme သည် United Nations ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Sustainable Development Goals – SDGs) ကို ထောက်ပံ့အားဖြည့်လျက်ရှိသည်။

၂၀၂၆ ခုနှစ် IMD Theme သည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (SDGs) နှင့် ကိုက်ညီလျက်ရှိပြီး အထူးသဖြင့်—

SDG 10 – မညီမျှမှု လျှော့ချခြင်း၊

SDG 16 – ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ခိုင်မာသော အဖွဲ့အစည်းများနှင့်

SDG 17 – ရည်မှန်းချက်များအတွက် မိတ်ဖက်ပူးပေါင်းမှုတို့ကို အားပေးမြှင့်တင်ရန် ရည်ရွယ်ထားသည်။ ထိုမှတစ်ဆင့် ပြတိုက်များသည် လူမှုအသိုင်းအဝိုင်းများအတွင်း ပါဝင်ခွင့်တိုးမြှင့်ခြင်း၊ အသုံးပြုရလွယ်ကူမှုကို မြှင့်တင်ခြင်းမှ စတင်ကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် နားလည်မှုတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အရေးပါသော အင်အားတစ်ရပ်အဖြစ် အထောက်အကူပြုလျက်ရှိကြသည်။

### အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (International Council of Museums – ICOM ) ကို ၁၉၄၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ စတင်တည်ထောင်ခဲ့ရာ ၂၀၂၆ ခုနှစ်တွင် နှစ် (၈၀) ပြည့်မြောက်ပြီဖြစ်ပါသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့သည် ICOM တည်ထောင်မှု၏ နှစ် (၈၀) ပြည့်နှစ်နှင့် တစ်ချိန်တည်းကျရောက်နေပြီး ကမ္ဘာလုံးဆိုင်ရာပြတိုက်ကဏ္ဍ၏ တိုးတက်ပြောင်းလဲမှုများကို ပြန်လည်သုံးသပ်နိုင်ရန် အရေးပါသော အခါအခွင့်တစ်ရပ်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၃၈ နိုင်ငံနှင့် ဒေသဆိုင်ရာကော်မတီများဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်း တစ်ခုဖြစ်ပြီး ပြတိုက်ဆိုင်ရာပညာရှင် ၅၀၀၀၀ မှ ၅၇၀၀၀ ကျော်ကို အဖွဲ့ဝင်အဖြစ် စုစည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါသည်။

### အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီက ၁၉၇၇ ခုနှစ်မှ စတင်၍ နှစ်စဉ် မေလ ၁၈ ရက်နေ့တွင် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၄၉) ကြိမ်မြောက် ရှိပြီဖြစ်ပါသည်။ ဤနေ့၏ရည်ရွယ်ချက်မှာ ပြတိုက်များသည် ယဉ်ကျေးမှုဖလှယ်ရေး၊ အပြန်အလှန်နားလည်မှုတည်ဆောက်ရေး၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးမြှင့်တင်ရာတွင် အရေးပါသော အဖွဲ့အစည်းများဖြစ်ကြောင်း လူထုအတွင်း ပိုမိုသိမြင်လာစေရန် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့၏ အဓိက ရည်ရွယ်ချက်များမှာ

(က) **လူထုအသိပညာမြှင့်တင်ခြင်း။** ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်သူများသာမက ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော အဖွဲ့အစည်းများ ဖြစ်ကြောင်း လူထုအား နားလည်သိရှိစေရန်၊

(ခ) **ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်ခြင်း။** ယဉ်ကျေးမှုအချင်းချင်း ဆက်သွယ်ဆွေးနွေးမှုကို အားပေးပြီး ယဉ်ကျေးမှုအမျိုးမျိုး၏တန်ဖိုးကို ပိုမိုမြှင့်တင်စေရန်၊

(ဂ) **ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှု ဖော်ဆောင်ခြင်း။** လူမျိုးများအကြား နားလည်မှု၊ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေး၍ လူမှုအသိုင်းအဝိုင်းများကို ခိုင်မာစေရန်၊

(ဃ) **ခေတ်သစ်ပြဿနာများကို ဖြေရှင်းရာတွင် ပါဝင်ခြင်း။** ရေရှည်တည်တံ့ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs)နှင့် ကိုက်ညီစွာ ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အားလုံးပါဝင်နိုင်မှု (inclusivity) တို့ကို ပံ့ပိုးကူညီရန်၊

(င) **ပြတိုက်များ၏ တက်ကြွပါဝင်မှုကို မြှင့်တင်ခြင်း။** ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များအား သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် လှုပ်ရှားမှုများတွင် ပါဝင်စေခြင်းဖြင့် "ကွဲပြားနေသောကမ္ဘာကို ပေါင်းစည်းခြင်း"ကို အားပေးရန်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့၏ နောက်ဆုံးရည်မှန်းချက်မှာ ပြတိုက်များကို ပူးပေါင်းစည်းလုံးစေပြီး ယင်းတို့သည် ပိုမိုရေရှည်တည်တံ့သော၊ အားလုံးပါဝင်နိုင်သော၊ ဆန်းသစ်တီထွင်မှုရှိသော အနာဂတ်ကိုပုံဖော်ရာတွင် တက်ကြွသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ဆက်လက်ပါဝင်နေကြောင်း ထင်ဟပ်ပြသရန် ဖြစ်ပါသည်။

ပြတိုက်များသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်လာပြီး လူမှုအသိုင်းအဝိုင်းများနှင့် အနီးကပ်ဆက်စပ်လျက်ရှိပါသည်။ ထို့အပြင် ပြတိုက်များသည် ဆွေးနွေးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လှုံ့ဆော်ပေးနိုင်သည့် အများပြည်သူဆိုင်ရာ အရေးပါသောနေရာများလည်း ဖြစ်ကြသကဲ့သို့ လူမှုအသိုင်းအဝိုင်းအတွင်း ယဉ်ကျေးမှု၊ သမိုင်းနှင့် အတွေ့အကြုံများကို ချိတ်ဆက်ပေးသည့် အားကောင်းသော တံတားများအဖြစ် ဆောင်ရွက်လျက်ရှိပေသည်။

လူမျိုးရေး၊ ဘာသာရေး၊ မျိုးဆက်ကွာဟမှုနှင့် နိုင်ငံအကန့်အသတ်များကို ကျော်လွန်၍ အတွေ့အကြုံများကို မျှဝေဖလှယ်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ပြတိုက်များသည် ယုံကြည်စိတ်ချရသော အများပြည်သူဆိုင်ရာ နေရာများအဖြစ်သာမက လူမှုရေးဖွဲ့စည်းပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ပိုမိုခိုင်မာလာပြီး လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုနှင့် ညီညွတ်မှုကို တည်ဆောက်ပေးနိုင်ပါသည်။

အထူးသဖြင့် ကွဲပြားမှုများ ပိုမိုထင်ရှားလာသည့် ယနေ့ခေတ်တွင် ပြတိုက်များ၏ အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုအရေးပါလာပြီး လူမှုအသိုင်းအဝိုင်းများကို ချိတ်ဆက်ပေါင်းစည်းရာတွင် အဓိကအင်အားတစ်ခုအဖြစ် ပြတိုက်များ၏ အခန်းကဏ္ဍက ပိုမိုအရေးပါလာသည်ဟု ဆိုနိုင်ပါသည်။

### ပြတိုက်များသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်

၂၀၂၆ ခုနှစ် မေလ ၁၈ ရက်နေ့ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့သည် ပြတိုက်များကို ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းသော အဖွဲ့အစည်းများသာမက ကမ္ဘာတစ်ဝန်းရှိ မတူကွဲပြားမှုများကို ယဉ်ကျေးမှုနှင့် အမွေအနှစ်များအားဖြင့် ပေါင်းစည်းပေးနိုင်သော အဖွဲ့အစည်းများအဖြစ် ထပ်မံ အလေးပေးဖော်ပြသည့် အခမ်းအနားတစ်ရပ်ဖြစ်သည်။ ထို့အပြင် ပြတိုက်များက လူမှုအသိုင်းအဝိုင်းများအကြား ဆက်သွယ်မှု၊ နားလည်မှုနှင့် ငြိမ်းချမ်းရေးကို မြှင့်တင်ပေးနိုင်သည့် အရေးပါသော ပလက်ဖောင်းများဖြစ်ကြောင်းလည်း ထင်ရှားစေပါသည်။

ယင်းနေ့တွင် ပြတိုက်များ၊ ပြတိုက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လာရောက်လေ့လာသူများအားလုံး တစုတစည်းတည်း ပူးပေါင်းလာရောက်၍ ပြတိုက်များ၏စွမ်းအားကို အသုံးချကာ ကွဲပြားမှုများကို ချိတ်ဆက်ပေါင်းကူးရန်၊ လူမှုအသိုင်းအဝိုင်းများကို ခိုင်မာတည်ငြိမ်စေရန်နှင့် ကမ္ဘာတစ်ဝန်းတွင် အပြုသဘောဆောင်သော ပြောင်းလဲမှုများကို လှုံ့ဆော်ရန် ပြတိုက်များသို့ လာရောက်လေ့လာကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ ။

# အနောက်တိုင်းဆေး ရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ဆင်ပြောင်ကြီးအမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေး၊ နတ်စည်းစိမ် အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး၊ ဇော်ဂျီလက်စွဲအမှတ်တံဆိပ် အကြောအားတိုးဆေး၊ တောင်ကြာပန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေးနှင့် ဘီလူးငါးကောင် အမှတ်တံဆိပ် အမျိုးသားအားဆေးတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသောဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်ခြင်း၊ သတ်မှတ်ချက် (၁၀) ချက် ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် Double X အမှတ်တံဆိပ် အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဖော်ပြပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဆင်ပြောင်ကြီး | အမျိုးသား အကြော အားတိုးဆေး | ဆေးမှုန့် | ဆင်ပြောင်ကြီးတိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး ရန်ကုန်၊ တိုက် ၄၂၊ အခန်း ၁၀၅၊ဗန္ဓုလအိမ်ရာ၊ တောင်ဒဂုံ။ | Sildenafil |
| ၂။ | နတ်စည်းစိမ် | အမျိုးသား အားတိုးဆေး | ဆေးမှုန့် | ပင်ရင်းလိပ်စာ မပါဝင်ပါ။ ဖုန်း-၀၉၉၅၃၀၇၇၂၇၃ | Sildenafil |
| ၃။ | ဇော်ဂျီလက်စွဲ | အကြော အားတိုးဆေး | ဆေးမှုန့် | ဇော်ဂျီမြန်မာတိုင်းရင်း ဆေးဝါးထုတ်လုပ်ဖြန့်ချိရေး အမှတ် ၂၀၅၊ မြရတနာ ၆လမ်း၊ ခရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |
| ၄။ | တောင်ကြာပန်း | အမျိုးသား အားတိုးဆေး | ဆေးမှုန့် | မိဘမေတ္တာဆေးတိုက် အမှတ် ၁၊ ရဲသီဟလမ်း၊ ၃၆ ရပ်ကွက်၊ မြောက်ဒဂုံ မြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၅။ | ဘီလူးငါး ကောင် | အမျိုးသား အားဆေး | ဆေးပြား | အမှတ် ၃၄၄၊ ရွှေဘုံသာ အထက်လမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၆။ | Double X | အမျိုးသား အားတိုးဆေး | ဆေးတောင့် | SYS တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးအကွက် အမှတ်(၁၅၉/ဘီ-၆)၊ နဂါးအိမ်ယာ၊ မှန်တန်းရပ်၊ အမရပူရမြို့။ ၀၉-၄၄၄၅၅၆၇၄၅၊ ၀၉-၄၄၄၁၈၁၄၃၀ | Sildenafil |










Sildenafil , Tadalafil ရောနှောသည့် ဆေးနမူနာများ။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တီးတိန်မြို့၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**တီးတိန် မေ ၁၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်နှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နားနေဆောင်တွင် နိုင်ငံ့ဝန်ထမ်းများနှင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ကျောက်ဖြူမြို့၌ တောင်သူပညာပေး ကွင်းသရုပ်ပြ

**ကျောက်ဖြူ မေ ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ မိုးစပါးများအချိန်မီ စိုက်ပျိုးပြီးစီးနိုင်ရေးနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းများရရှိနိုင်ရန် ရည်ရွယ်၍ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က လယ်ဒါပြင်ကျေးရွာ၌ ကျင်းပရာ သစ်စိမ်းမြေသြဇာများဖြစ်သည့် (သစ်စိမ်းမြေသြဇာမျိုးစေ့)များကို ကြဲပက်လျက် မြေကိုပြန်လည်ဖုံးကာ လက်တွေ့ပြသမှုများကို ဆောင်ရွက်ပြီး ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသည့် ကျေးရွာခြောက်ရွာမှ တောင်သူများအား ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

အက်ဖ်အေဖလားကို ၂၀၂၂- ၂၀၂၃ ခုနှစ်က နောက်ဆုံးဆွတ်ခူးရရှိထားသည်။ အက်ဖ်အေဖလားပြိုင်ပွဲ၌ ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုခြောက်ကြိမ်တွင် မန်စီးတီးအသင်းက အသာရထားပြီး လေးကြိမ်အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ ထို့ကြောင့် ချယ်ဆီးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် မန်စီးတီးအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ချေဖျက်ကာ နိုင်ပွဲရလဒ်ဖော်ဆောင်ပြီး အက်ဖ်အေဖလားကို ကိုးကြိမ်မြောက် ဆွတ်ခူးရရှိသွားမည်လား စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

### နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျ စေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

**စိုက် ပျိုး စွမ်း အား ပြည် ထွန်း ကား**

# ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**နေပြည်တော် မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်း အိမ်ရာ၌ ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့




အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က အမှာစကားများအသီးသီး ပြောကြားသည်။ ထို့နောက်ဗဟိုအမှုဆောင် အဖွဲ့ အဖွဲ့ဝင်တစ်ဦးက စစ်မှုထမ်းဟောင်း ဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးက ဖတ်ကြားတင်ပြရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ နှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား နယ်မြေခံတပ်မတော် ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးကြပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

---

# ခရမ်းမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မေ ၁၅**

တပ်မတော်အနေဖြင့် ပြည်သူ လူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက် တစ်လမ်းမှ ကူညီစောင့်ရှောက်မှု များ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသ ရေးအဖွဲ့က ရန်ကုန်တိုင်းဒေသ ကြီး ခရမ်းမြို့နယ် အထက်ခမက် ကျေးရွာ အောင်သာသီရိကျောင်း တိုက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာ ရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့များက သံဃာတော် သုံးပါးနှင့် ဒေသခံ ပြည်သူ ၁၁၈ ဦးတို့ကို အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေး ခြင်းများ ဆောင်ရွက်ပေးနေမှုများ ကို သန်လျင်တပ်နယ်မှ တာဝန်ရှိ သူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

---



# မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေး

**မဟာအောင်မြေ မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေဦးစီးမှူးရုံး၌ ယနေ့နံနက် ပိုင်းက ရက် (၁၀၀) လမင်းစီမံချက်ဖြင့် မဟာအောင်မြေမြို့နယ် ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် များ ဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

❑ *ကျောဖုံးမှ*

တရားမဝင် တရုတ်နိုင်ငံသား ငါးဦးကို မွန်းလွဲ ၃ နာရီခွဲခန့်တွင် လည်းကောင်း အသီးသီးဖမ်းဆီး ရမိခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်နေသည့် စုစုပေါင်း တရားမဝင် တရုတ်နိုင်ငံ သား ခုနစ်ဦးကို တွေ့ရှိဖမ်းဆီးရမိ ခဲ့ကြောင်း သိရှိရသည်။



အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင် ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံ သားနှစ်ဦးကို တွေ့ရစဉ်။



အဆိုပါ ဖမ်းဆီးရမိသူများ အား ဥပဒေနှင့်အညီ ထိထိ ရောက်ရောက် အရေးယူ ဆောင် ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူ များကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက် စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရ အနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်း လိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံ အတွင်း လုံးဝအခြေမပြုနိုင်ရေး အတွက် ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများ နှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုး ကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်း နည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပ နိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေး ကာ လူသားချင်း စာနာထောက် ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကို လည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရား ဝင် လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက် စွာ အရေးယူခြင်းများ ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသားများကို ဖမ်းဆီးရမိသည့် နေရာပြပုံ။






မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တိုင်းဒေသကြီးကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မေ ၁၅ ရက်က မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့် တပ်ဖွဲ့ဝင်များ မီးလောင်မှု/ မီးလန့်မှုများ ဖြစ်ပွားပေါ်ပေါက်လာပါက 191 Report Application အသုံးပြု၍ သတင်းပေးပို့နည်းအား ရှင်းလင်းခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းသရုပ်ပြစဉ်။ ဇော်ဘီ

---

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချ ခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ခံရနိုင်ပါသည်။**

## မူမှန်ပြက္ခဒိန်ရောင်းချမည်

နေပြည်တော် မေ ၁၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များ ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၈–၁၃၈၉ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၇ ခုနှစ်အတွက် မြန်မာ–ရခိုင်–အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၆ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ် တစ်သောင်းတိတိဖြင့် ရုံးအမှတ်(၃၅)၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန (နေပြည်တော်) တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေဖြန့်ချိခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေဖြန့်ချိနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများအား အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်လုပ်ပစ္စတိုသေနတ်ငါးလက်၊ မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်နှင့် စကားပြောစက် နှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်လုပ်ပစ္စတိုသေနတ်ငါးလက်အတွက် ငွေကျပ် ၂၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်အတွက် ငွေကျပ်သိန်း ၃၀၀၊ စကားပြောစက်နှစ်လုံးအတွက် ငွေကျပ်လေးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၁၉ သိန်း စုစုပေါင်း ငွေကျပ် ၃၄၈ သိန်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။



အလားတူ ပစ္စတိုသေနတ်တစ်လက်၊ မောင်းပြန်ရိုင်ဖယ်သေနတ်ကိုးလက်၊ လက်ပစ်ဗုံး ၇၁ လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ၆၆ ဦးတို့အား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အောင်စစ်သည်ခန်းမ၌လည်းကောင်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၁၇ လက်၊ လက်ပစ်ဗုံးနှစ်လုံး၊ မိုင်းတစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၄၀ နှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ၄၃ ဦးအား ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌လည်းကောင်း၊ လက်ပစ်ဗုံးတစ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၈ ဦးတို့အား ရွှေဘိုမြို့ရှိ အောင်ဇေယျခန်းမ၌လည်းကောင်း မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၂၆ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၃၀၀၊ လက်ပစ်ဗုံး ၇၄ လုံးအတွက် ဆုကြေးငွေကျပ် ၂၂၂ သိန်း၊ မိုင်းတစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၁၂၇ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၆၅၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ဆားလင်းကြီးမြို့နယ်မှ အမျိုးသားတစ်ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးတစ်ဦး၊ မုံရွာမြို့နယ်မှ အမျိုးသားသုံးဦး၊ မြင်းမူမြို့နယ်မှ အမျိုးသမီးနှစ်ဦး၊ ဟုမ္မလင်းမြို့နယ်မှ အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦး၊ တမူးမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ကလေးမြို့နယ်မှ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ငါးဦး၊ ထီးချိုင့်မြို့နယ်မှ အမျိုးသား လေးဦး၊ ကသာမြို့နယ်မှ အမျိုးသားတစ်ဦးနှင့် ရွှေဘိုမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၁၄၆ ဦး ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ရှိခဲ့တဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းတွေ စည်းရုံးလို့ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ရှိပြီးတော့ ၄ ရက်၊ ၅ ရက်လောက်နေတော့ မူဆယ်ဘက်မှာ သင်တန်းတက်ခဲ့ပါတယ်။ သင်တန်းတက်ပြီးတော့ ကျွန်တော်သင်ကြားခဲ့ရတာတွေက လက်နက်ဖြုတ်တပ်တွေ၊ မိုင်း



ထောင်၊ မိုင်းခွဲနည်းတွေ သင်ကြားပေးပါတယ်။ သင်တန်းပြီးတော့ ကျွန်တော်တာဝန်ကျတာကတော့ ကင်းစောင့်၊ ထမင်းချက် တာဝန်ယူခဲ့ရပါတယ်။ သူတို့တွေ ဂိတ်ထိုင်လို့ရတဲ့ ပိုက်ဆံတွေ၊ ရွာတွေက ဆက်ကြေးကောက်ရတဲ့ ပိုက်ဆံတွေနဲ့ သူတို့တွေက ကောင်းကောင်းမွန်မွန် နေထိုင်ကြပါတယ်။ ကျွန်တော်တို့တွေကြတော့ ဟင်းကောင်းစားချင်ရင်တောင် မိဘဆီကပြန်တောင်းခဲ့ရပါတယ်။ ကြာလာတော့ ကျွန်တော်တို့လည်း စိတ်ပျက်လာပြီး အလင်းဝင်ဖို့ကို ရည်ရွယ်လိုက်တယ်။ သူတို့ကပြောတာတော့ အလင်းဝင်ရင် သတ်ဖြတ်မယ်၊ ထောင်ချမယ်ဆိုပြီး ပြောကြတယ်။ တကယ်တမ်း ဝင်ကြည့်တော့ သူတို့ပြောတာတွေနဲ့ တခြားစီပဲ။ တကယ် ဒီကို အလင်းဝင်လိုက်တော့ ကျွန်တော်လည်း လူငယ်ပဲဗျာ၊ ကျွန်တော့်အနာဂတ်တွေ ရှိသေးတယ်၊ ကျွန်တော်လည်း တောထဲမှာပဲ အချိန်တွေအကုန်မခံချင်ဘူး။ အဲ့ဒါကြောင့်မို့ ကျွန်တော်အလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တာပါ။ တကယ် အလင်းဝင်လိုက်တော့လည်း သူတို့က လက်ဖျားနဲ့တောင် မထိဘဲ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေစရာနဲ့ စားစရာ အကုန်စီစဉ်ပေးပါတယ်။ ဒီအခမ်းအနားပြီးရင် ကျွန်တော့်ကို မိဘတွေဆီ ပြန်ပို့မယ်ဆိုတာလည်း မှန်သွားပါပြီ။ ကျွန်တော် ပြန်ရောက်ရင်လည်း ယခင်လုပ်ခဲ့တဲ့ လုပ်ငန်းကိုပဲ ပြန်လုပ်မှာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း အမြန်ဆုံး အလင်းဝင်ကြပါလို့ ဒီနေရာကနေ ဖိတ်ခေါ်အပ်ပါတယ်။

၂။ ကျွန်တော်တို့ ရွာဘက်မှာ အကြမ်းဖက် PDF အဖွဲ့ထဲကို ဝင်ဖို့အတွက် လူအင်အားလိုအပ်လို့ မဖြစ်မနေ ဝင်ရမယ်ဆိုပြီး ခြိမ်းခြောက်လို့ ကျွန်တော်တို့ ဝင်ခဲ့ရတာပါ။ မဝင်ရင်လည်း သတ်ခံရမှာစိုးလို့ပါဗျာ။ သင်တန်းတက်တဲ့အချိန်မှာတော့ ကျွန်တော်တို့ လက်နက်ငယ်နဲ့ မိုင်းထောင်နည်း၊ မိုင်းလုပ်နည်းတွေကို သင်ပေးပါတယ်။ သင်တန်းကနေဆင်းပြီး ပြန်လာတဲ့အချိန်မှာ ကျွန်တော်တို့ ကင်းစောင့်တာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော် ဒီအကြမ်းဖက် PDF အဖွဲ့ထဲမှာ ရောက်ရှိနေတဲ့အချိန်မှာတော့ သူတို့မကျေနပ်တဲ့ ရွာတွေဆိုရင်လည်း မီးရှို့ပါတယ်။ မိန်းကလေးတွေဆိုရင်လည်း အပျိုအအို မရှောင်ပါဘူး။ သူတို့ သဘောကျတယ်ဆိုရင် မုဒိမ်းကျင့်သတ်ပါတယ်။ လူကြီးတွေကိုလည်း ဖမ်းဆီးရိုက်နှက်ပါတယ်။ ရွာတွေကိုလည်း ဆက်ကြေးကောက်ပါတယ်။ အခု ကျွန်တော်အလင်းဝင်ဖို့ စဉ်းစားခဲ့တာက ကျွန်တော့်လုပ်ရပ်တွေ မှားနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ မိသားစုနဲ့လည်း အကြာကြီးဝေးကွာနေရတော့ ကိုယ့်မိသားစုနဲ့ကိုယ် ပျော်ပျော်ရွှင်ရွှင် နေထိုင်ချင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်ဘဝကို ကိုယ်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေပြီးတော့ ကောင်းကောင်း



မွန်မွန် လုပ်ကိုင်စားသောက်ချင်လို့ ကျွန်တော်တို့ အလင်းဝင်လာခြင်းဖြစ်ပါတယ်။ ကျွန်တော် အလင်းဝင်လာတဲ့အချိန်မှာတော့ နည်းနည်းတော့ စိုးရိမ်မိပါတယ်။ အဆင်ပြေပါ့မလားလို့၊ ဒါပေမယ့် ကျွန်တော့်အထင်နဲ့ တခြားစီဖြစ်နေပြီး နွေးနွေးထွေးထွေး ကြိုဆိုပြီး ထောက်ပံ့မှုတွေ လုပ်ပေးလို့ ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်တော် ဒီကနေပြန်ရင်တော့ မိဘထံ အပ်ပေးတဲ့အချိန်မှာ ကျွန်တော့်မိဘတွေနဲ့ ကောင်းကောင်းမွန်မွန် အလုပ်တစ်ခုကို လုပ်ပြီး နေထိုင်သွားတော့မှာပါ။ ဒါကြောင့် အကြမ်းဖက် PDF အဖွဲ့ထဲမှာ အခွင့်မသာလို့ အလင်းဝင်ရောက်ချင်တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း ဒီနေရာကနေ ပြောချင်ပါတယ်။ သတင်းအမှားတွေကို နားမယောင်ဖို့နဲ့ ငါတို့တွေ အလင်းဝင်လာတဲ့အချိန်မှာ နွေးနွေးထွေးထွေး ကြိုဆိုပြီးတော့ ထောက်ပံ့မှုတွေ လုပ်ပေးတယ်ဆိုတာ ငါတို့ကိုယ်တွေ့ပါပဲ။ ဒါကြောင့် အမြန်ဆုံးအလင်းဝင်ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။ **သတင်းစဉ်**

## လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၅** – မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း လေထုမငြိမ်သက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တရုတ်နှင့် အမေရိကန်သမ္မတတို့ ပေကျင်းမြို့၌ သီးသန့်တွေ့ဆုံ

**ပေကျင်း မေ ၁၅**



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်တို့သည် မေ ၁၅ ရက်က ပေကျင်းမြို့၌ သီးသန့်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံမှုသည် သမ္မတ နှစ်ဦး၏ ဆွေးနွေးပွဲကျင်းပခဲ့ပြီး တစ်ရက်အကြာတွင် ပြုလုပ် ခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်ရေးနှင့် စီးပွားရေး ဆိုင်ရာ တည်ငြိမ်မှုများကို ထိန်းသိမ်းရန်၊ နယ်ပယ် အသီးသီးတွင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန်နှင့် တစ်ဖက်နှင့်တစ်ဖက်၏ စိုးရိမ်ပူပန်မှုများကို သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးသည့် သဘောတူညီချက်များ ရရှိခဲ့ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များတွင် ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုခရီးစဉ်သည် နှစ်ဖက် အပြန်အလှန် နားလည်မှုကို မြှင့်တင်ရန်၊ အပြန်အလှန် ယုံကြည်မှုကို ပိုမိုနက်ရှိုင်းစေရန် နှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သမ္မတ ရှီက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာလေကြောင်းခရီးသည် ၂ ဒသမ ၄ သန်းကျော် ဝင်ရောက်

**ဖနောင်ပင် မေ ၁၅**

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၆ ခုနှစ် ပထမလေးလအတွင်း နိုင်ငံတကာ လေကြောင်းခရီးသည် ၂ ဒသမ ၄၃ သန်းခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်းခန့် လျော့နည်းကြောင်း မေ ၁၅ ရက်က ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ နိုင်ငံတကာနှင့် ပြည်တွင်း လေကြောင်းလိုင်း ၃၃ လိုင်းက ကမ္ဘောဒီးယားနိုင်ငံရှိ အပြည်ပြည် ဆိုင်ရာလေဆိပ်သုံးခုသို့ လေကြောင်းခရီးစဉ် ၂၃၂၀၄ ခု ပြေးဆွဲပေးနိုင် ခဲ့ရာ ယမန်နှစ်အလားတူကာလထက် နှစ်ရာခိုင်နှုန်း တိုးမြင့်လာကြောင်း အရပ်ဘက်လေကြောင်းဆိုင်ရာ နိုင်ငံတော်အတွင်း ဝန်ရုံး(SSCA) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ ယခုနှစ်ပထမလေးလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် လေကြောင်းကုန်စည်ပမာဏ ၃၀၄၄၈ တန် တင်ပို့နိုင်ခဲ့ရာ ယမန်နှစ် အလားတူကာလထက် ၃၆ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရ သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုရှိပြီး မြို့တော်ဖနောင်ပင်ရှိ တေချိုအပြည်ပြည်ဆိုင်ရာလေဆိပ်၊ စီရန်ရိ အန်ကောအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် သီဟာနုအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကွန်ဂိုအရှေ့ပိုင်း၌ အီဘိုလာရောဂါ ထပ်မံဖြစ်ပွားသည်ဟု အာဖရိက စီဒီစီအတည်ပြုပြောကြား

**ကင်ရှာဆာ မေ ၁၅**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် အီဘိုလာဗိုင်းရပ်စ် ရောဂါ ထပ်မံဖြစ်ပွားနေကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၁၅ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

**သံသယရှိသူ ရာနှင့်ချီ တွေ့ရှိ**

အီတူရီပြည်နယ်၌ ရောဂါကူးစက်ခံထားရသည်ဟု သံသယရှိသူ ရာနှင့်ချီကာ တွေ့ရှိထားကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိက စီဒီစီ) က ပြောကြားသည်။

**သေဆုံးသူ ၆၅ ဦးအထိရှိ**

အမျိုးသားဇီဝဆေးပညာသုတေသန အင်စတီကျု၏ ကနဦး စစ်ဆေးချက်များအရ စမ်းသပ်နမူနာ ၂၀ အနက် ၁၃ ခုတွင် ဗိုင်းရပ်စ် တွေ့ရှိခဲ့ကြောင်း၊ အီဘိုလာရောဂါဟု သံသယရှိသူ ၂၄၆ ဦးအနက် သေဆုံးသူ ၆၅ ဦးအထိရှိလာပြီး သေဆုံးသူအများစုမှာ မွန်ဂ်ဝါလုနှင့် ရဝမ်ပါရာဒေသများမှဖြစ်ကြောင်း သိရသည်။ ထို့အတူ ဘူနီရာမြို့တွင် လည်း အီဘိုလာသံသယရှိလူနာများ တွေ့ရှိထားသည်။

**ရောဂါထပ်မံပြန့်ပွားနိုင်ခြေ မြင့်မား**

အစုလိုက် နေရပ်စွန့်ခွာမှုများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ လုံခြုံရေးမတည်ငြိမ်မှုများနှင့် ယူဂန်ဒါနိုင်ငံ၊ တောင်ဆူဒန်နိုင်ငံတို့နှင့် နီးကပ်နေမှုများကြောင့် ရောဂါထပ်မံပြန့်ပွားနိုင်ခြေ မြင့်မားကြောင်း အာဖရိက စီဒီစီက သတိပေးထားသည်။

**အရေးပေါ်အစည်းအဝေးကျင်းပ**

အာဖရိက စီဒီစီသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ယူဂန်ဒါနှင့် တောင်ဆူဒန်နိုင်ငံတို့မှ ကျန်းမာရေးအာဏာပိုင်များနှင့် မေ ၁၅ ရက်တွင် အရေးပေါ်အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်–တောင်ကိုရီးယား ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံမည်

**ဆိုးလ် မေ ၁၅**



ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲသည် လာမည့်သီတင်းပတ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ကာ တောင်ကိုရီးယားသမ္မတ လီဂျယ်မြောင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

တာကာအိချီ ဆာနာအဲသည် ၎င်း၏ နှစ်ရက်ကြာခရီးစဉ်အတွင်း လီဂျယ်မြောင်၏ ဇာတိမြို့ဖြစ်သည့် အန်ဒုံသို့ သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက မေ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ခေါင်းဆောင် နှစ်ဦးသည် စီးပွားရေးနှင့် အများပြည်သူလုံခြုံရေးကဲ့သို့ နေ့စဉ်လူမှုဘဝနှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို ဆွေးနွေးသွားမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသ အခြေအနေအပါအဝင် အပြည်ပြည်ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ယခုတွေ့ဆုံမှုသည် ၂၀၂၆ ခုနှစ်အတွင်း ခေါင်းဆောင်နှစ်ဦး၏ ဒုတိယအကြိမ်မြောက် တွေ့ဆုံမှုဖြစ်သည်။ ဇန်နဝါရီလအတွင်းက တောင်ကိုရီးယားသမ္မတသည် ဂျပန်ဝန်ကြီးချုပ်၏ ဇာတိဒေသဖြစ်သည့် နာရာခရိုင်သို့ သွားရောက်ခဲ့သည်။

အဆိုပါ သံတမန်ခရီးစဉ်သည် ခေါင်းဆောင်နှစ်ဦးအကြား ရင်းနှီးမှုနှင့် ယုံကြည်မှုကို ပိုမိုခိုင်မာစေကာ နှစ်နိုင်ငံဆက်ဆံရေး၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အုတ်မြစ် ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံ၌ မြေပြိုမှုကြောင့် ကိုးဦးသေဆုံး

**ဂျကာတာ မေ ၁၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်ရှိ တရားမဝင် ရွှေတူးဖော်ရေးနေရာအနီးတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူကိုးဦး သေဆုံး ခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၁၅ ရက်တွင် ပြောကြားသည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ မေ ၁၄ ရက် ညပိုင်း က စီဂျွန်ဂျန်းခရိုင်ရှိ တရားမဝင်ရွှေတူးဖော်ရေး သတ္တုတွင်းအနီး ချောက်ကမ်းပါးတစ်ခုတွင် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုအချိန်တွင် ရွှေတူးဖော်သူအများအပြား အလုပ်လုပ်ကိုင်နေကြကြောင်း သိရသည်။

မြေပြိုပုံအပျက်အစီးများအောက်တွင် နစ်မြုပ်သွားသူများစွာ ရှိခဲ့ ကြောင်း သိရပြီး သေဆုံးသူများကို ၎င်းတို့၏မိသားစုဝင်များနှင့် ဒေသခံ များက သင်္ဂြိုဟ်ပေးခဲ့ကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များက ဖော်ပြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် သတ္တုတွင်းမတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးရာသီကာလများတွင် မြေပြိုမှုများ ပိုမိုဖြစ်ပွားတတ်ကြောင်း သိရသည်။

**ဆင်ဟွာ**


## ထိုင်းနိုင်ငံ၌ တူးဖော်တွေ့ရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းမှာ အရှေ့တောင်အာရှ အကြီးဆုံးဒိုင်နိုဆောမျိုးစိတ်ဖြစ်နိုင်

**ဘန်ကောက် မေ ၁၅**

ထိုင်းနိုင်ငံတွင် တွေ့ရှိခဲ့သည့် ဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ် ရုပ်ကြွင်းသည် အရှေ့တောင်အာရှဒေသတွင် တူးဖော်တွေ့ရှိခဲ့သည့် အကြီးဆုံးဒိုင်နိုဆောမျိုးစိတ်တစ်မျိုးဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ က ပြောကြားသည်။

လည်ပင်းရှည်ဒိုင်နိုဆော၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ၂၀၁၆ ခုနှစ် တွင် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ချိုင်ယာဖန်ပြည်နယ်၌ ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အရိုးအရွယ်အစားများအပေါ် အခြေခံ၍ ထိုင်းနှင့်ဗြိတိန်နိုင်ငံမှ သုတေသီများပါဝင်သည့် အဖွဲ့က ယင်းဒိုင်နိုဆော၏ အလျားမှာ ၂၇ မီတာခန့်ရှိနိုင်ပြီး ဘတ်စကက်ဘောကွင်းတစ်ကွင်း၏ အလျားနှင့် ညီမျှကြောင်း ခန့်မှန်းထားသည်။ ထို့ပြင် အလေးချိန်မှာလည်း ၂၇ တန် ခန့်ရှိနိုင်ကြောင်း ဆိုသည်။



အဆိုပါ လေ့လာတွေ့ရှိချက်များကို ပညာရပ်ဆိုင်ရာဂျာနယ် ဖြစ်သည့် Scientific Reports တွင် မေ ၁၄ ရက်က ဖော်ပြခဲ့ခြင်းဖြစ်သည်။ မဟာဆာရာခန်တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဆီတာမနိ ကွန်းက ဒိုင်နိုဆော၏ အရွယ်အစားသည် အလွန်စိတ်လှုပ်ရှားဖွယ် ကောင်းကြောင်း၊ အရိုးများအားလုံးကို မတွေ့ရှိရသေးသော်လည်း အရေးပါသည့် အရိုးအစိတ်အပိုင်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ဒိုင်နိုဆော၏ အရွယ်အစားကို ခန့်မှန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြား ခဲ့သည်။

သိပ္ပံပညာရှင်များသည် ယင်းဒိုင်နိုဆောကို အာရှဒဏ္ဍာရီပုံပြင် များတွင် တွေ့ရသည့် မြွေနဂါးကြီးကိုအစွဲပြု၍ အမည်ပေးခဲ့သည်။ အဆိုပါ သတ္တဝါကြီးသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၀၀ ကျော်ခန့် ခရီတာစီးယက်ခေတ်တွင် ရှင်သန်ခဲ့ပြီး သစ်ပင်မြင့်ပိုင်းရှိ သစ်ရွက်များကို အဓိကစားသုံးခဲ့သည်ဟု ယုံကြည်ထားသည်။ ဒိုင်နိုဆော၏ သက်ရှိ အရွယ်အစားပုံသဏ္ဌာန်ကို ဘန်ကောက်ဒိုင်နိုဆောပြတိုက်တွင် ပြသ ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဟိုင်းကြီးကျွန်းမြို့၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲကျင်းပ



ဟိုင်းကြီးကျွန်း မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ စပါးရေတော်မိုးတော် ဧရိယာ၌ သစ်စိမ်းမြေဩဇာထည့်သွင်းနိုင်ရေးအတွက် မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းကို ယနေ့နံနက်ပိုင်းက မဲခရဲကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများက တောင်သူများအား အဓိကသီးနှံ(၁၀)မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပြီး တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များပေးအပ်၍ တောင်သူ ဦးသောင်းနိုင်၏ဧရိယာ ၁ ဒသမ ၉၅ ဧကရှိ လယ်မြေပေါ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ ကြဲပက်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**

## ပုလောမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

ပုလော မေ ၁၅

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို မေ ၁၃ ရက်က ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုလောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေး၍



နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရော်ဘာမိုးကာအုပ် အစေးခြစ်ခြင်း နည်းပညာသင်တန်းဖွင့်

မြိတ် မေ ၁၅

မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ရော်ဘာမိုးကာအုပ်အစေးခြစ်ခြင်း နည်းပညာပေးသင်တန်းကို ယမန်နေ့က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေဒူး)၌ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ခြံတာဝန်ခံက မိုးကာအုပ်ဖြင့် အစေးခြစ်ခြင်းနည်းပညာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ရော်ဘာပင်အား မိုးကာအုပ်ဖြင့် အစေးခြစ်ခြင်းကို လက်တွေ့သရုပ်ပြသပေးခဲ့သည်။ **ခိုင်ထူး(ပြန်/ဆက်)**

## နွားထိုးကြီးမြို့နယ်၌ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး သင်တန်းဖွင့်

နွားထိုးကြီး မေ ၁၅

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ နွားထိုးကြီးမြို့မအုပ်စုရှိ တောင်သူများအား ဆီထွက်သီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ထားနွယ်က ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဆီထွက်သီးနှံစိုက်ပျိုးမှုတစ်ဧက ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အကြောင်းကို ပညာပေး



ဆွေးနွေးသည်။ သင်တန်းသို့ မြို့မတောင်သူ ၂၀၊ ဌာနဆိုင်ရာဝန်ထမ်း ၁၄ ဦး စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင့်လွင်ဦး**

## သရက်ချောင်းမြို့နယ်၌ မိုးစပါးအစေ့ချစိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်

သရက်ချောင်း မေ ၁၅

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မိုးစပါးစိုက်ပျိုးသော တောင်သူများအား မိုးစပါးအစေ့ချ စိုက်ပျိုးရေးနည်းစနစ် နည်းပညာပေး သင်တန်းဖွင့်လှစ်ရာ မြို့မ၊ ကျောက်မြောင်း၊



ပန်းတော၊ ကဇိကျေးရွာများမှ တောင်သူ ၃၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက အစေ့ချကိရိယာ နည်းစနစ်နှင့် စိုက်ပျိုးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် နည်းလမ်းများ ၊ဓာတ်မြေဩဇာ လျှော့ချသုံးစွဲ နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေး ထိုးနှံပေး



နတ်မောက် မေ ၁၅

နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ ယမန်နေ့က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်ခင်ပြည့်နှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ဘုန်းတော်ပြည့်ကျေးရွာရှိ နွားကောင်ရေ ၄၀၀ အား လည်ချောင်းကွဲရောဂါ၊ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ် ရောဂါများအတွက် ကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့သည်။ ထို့ပြင် နွားမွေးမြူသူများအား တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး မွေးမြူရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

**လှဝင်း**



## ရေကြည်မြို့နယ်၌ တောင်သူနည်းပညာဆိုင်ရာဟောပြော

ရေကြည် မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူနည်းပညာပြန့်ပွားရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လင်သက်ကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ရေကြည်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နွေ၊ မိုး၊ ဆောင်း သီးနှံစိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုနိုင်ရေးတို့နှင့် ကိုယ်ပိုင်မြေဩဇာထုတ်လုပ်နိုင်ရေးအတွက် တောင်သူများအား အသိပညာပေးဟောပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြောင်းမြမြို့၌ မှိုစိုက်ပျိုးနည်း အသိပညာပေး သင်တန်းဖွင့်

မြောင်းမြ မေ ၁၅

မြောင်းမြမြို့၌ မှိုစိုက်ပျိုးနည်းအသိပညာပေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြောင်းမြခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၁၀၂ ဦးတို့အား တစ်ရက်တာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**



မိုင်းဆတ်မြို့တွင် ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၁၄ ရက်က မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း ဆောင်ရွက်စဉ်။ ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



ကြို့ပင်ကောက်မြို့နယ်အတွင်း ဈေးဆိုင်များတွင် အစိုးရအခွန်တံဆိပ် အတုအသုံးပြု၍ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော စီးကရက်များ ဖြန့်ဖြူးရောင်းချခြင်းရှိ မရှိ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် တာဝန်ရှိသူများ မေ ၁၅ ရက်က ကွင်းဆင်း စစ်ဆေးစဉ်။ ဇေယျာထွန်း(ကြို့ပင်ကောက်)

## ငါန်းဇွန်မြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး



**ငါန်းဇွန် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ငါန်းဇွန်မြို့နယ်ရုံး၌ ယနေ့နံနက်ပိုင်းက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိတို့က One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင်များ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်နောင်ဦး (ငါန်းဇွန်)

## တောင်ငူမြို့၌ ကျောင်းနေအရွယ် ကျောင်းအပ်နှံနိုင်ရေး အသိပေးနှိုးဆော်

**တောင်ငူ မေ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးအားလုံး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံနိုင်ရေးအတွက် တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး ယမန်နေ့က စတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ သွားရောက်အသိပေးနှိုးဆော်ခြင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အသိပေးနှိုးဆော်ရာတွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းနေအရွယ်ကလေးအားလုံးကို ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှစတင်၍ မေ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံပေးမည်ဖြစ်သည်။



ဇော်ကိုကို (တောင်ငူ)

## မြစ်သားမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းဖွင့်



**မြစ်သား မေ ၁၅**

ငါးမွေးတောင်သူများ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်း နည်းပညာများ သိရှိနားလည်ပြီး လက်တွေ့သားဖောက် မွေးမြူထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းကို မေ ၁၄ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ငါးမွေးတောင်သူသင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ပြီး စခန်းတာဝန်ခံဦးစောအောင်ကိုလတ်က စာတွေ့လက်တွေ့ နှစ်ရက်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေနုတ်မြောင်းများ မိုးရာသီမတိုင်မီ တူးဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ရိုး၊ ချောင်း၊ ရေနုတ်မြောင်းများ တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေနုတ်မြောင်းများကို တွက်ချက်ဒီဇိုင်းပြု တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန် – မန္တလေး (လမ်းဟောင်း) ပင်လောင်းလမ်းဆုံအနီးတစ်ဝိုက် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ၁၀ ခု၊ စုစုပေါင်း ပေ ၇၅၀၀၀ ကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် လုပ်ငန်းငါးခုပြီးစီးကာ လုပ်ငန်းနှစ်ခုမှာ ဆောင်ရွက်လျက်ရှိ၍ ကျန်လုပ်ငန်း သုံးခုမှာ နွေစပါးရိတ်သိမ်းပြီးချိန် မေလကုန်တွင် ဆက်လက်တူးဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအားလုံး မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဘုန်းမြတ်



မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးဆောင်၍ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ အခြေခံမွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲကို မေ ၁၁ ရက်က မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ သင်တန်းသား ၁၅ ဦးအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွမ်းကျင်သူများက သင်ထောက်ကူပစ္စည်းများအသုံးပြု၍ နှစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချစဉ်။

မွန်မလေး(ပြန်/ဆက်)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**



## ချောင်းဆုံမြို့နယ်၌ သန့်ရှင်းသာယာရေးဆောင်ရွက်

**ချောင်းဆုံ မေ ၁၅**

ချောင်းဆုံမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများတွင် ရေစီးရေလာကောင်းမွန်စေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ခရိုက်သစ်ကျေးရွာ ပင်မချောင်း အရှည်ပေ ၃၅၀၀ ကို စက်အင်အားဖြင့် တူးဖော်ဆယ်ယူနေမှုများနှင့် ချောင်းဆုံအရှေ့ရပ်ကွက်ရှိ တြိဂံပန်းခြံမြေပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကိုကျော်(ချောင်းဆုံ)

## ကျိုက်မရောမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်

**ကျိုက်မရော မေ ၁၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား သင်တန်း(အကျဉ်းချုံး)ဖွင့်ပွဲကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာကျော်ဇင်ထွန်းက အမှာစကားပြောကြားပြီး အဆိုပါသင်တန်း၌ ကူးစက်ရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ငှက်ဖျားရောဂါ၊ ဆီးချိုသွေးချိုနှင့် တီဘီရောဂါ စသည့် ဘာသာရပ်များကို သင်တန်းသား သင်တန်းသူတို့အား နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)



## သံဖြူဇရပ်မြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး

**သံဖြူဇရပ် မေ ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းကို ယနေ့မွန်းလွဲပိုင်းက အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်က ကြီးကြပ်၍ မြို့မစခန်းမှူး ဒုတိယရဲမှူးမင်းနောင် နှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောပြီး ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြောင်းမြမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဖွင့်

မြောင်းမြ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ KG + Grade – 1 မူကြိုသင်ပြ



နည်းစနစ်ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့်(ဆင့်ပွား) သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက "Child Law" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၄၆ ဦးအား မေ ၁၄ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ (ပြန်/ဆက်)

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

သနပ်ပင် မေ ၁၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူးက စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာ



တာဝန်ရှိသူများကိုယ်စား ဌာနဆိုင်ရာတာဝန်ခံများထံ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

## မော်လမြိုင်မြို့နယ်၌ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်

မော်လမြိုင် မေ ၁၅

မော်လမြိုင်မြို့နယ်၏ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း



ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သိန်းသိန်းဦးက စီမံကိန်းရည်မှန်းချက်များအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများထံ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့သည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ ပညာတံခွန် ငွေစုငွေချေးအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ဓနုဖြူ မေ ၁၅

ဓနုဖြူမြို့နယ်၌ ပညာတံခွန် ငွေစုငွေချေးသမဝါယမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် စုဆောင်းငွေအပေါ် အကျိုးအမြတ်ပေးအပ်ပွဲကို ယမန်နေ့က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းများကို ဖတ်ကြားပြီး ဒါရိုက်တာအဖွဲ့က ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။



ထို့နောက် အသင်းသားများထံမှ အတည်ပြုချက်ရယူခြင်းများဆောင်ရွက်ပြီး အသင်းသားများ၏ စုဆောင်းငွေအပေါ် အကျိုးအမြတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ ဒေသခံပြည်သူများအား ကျန်းမာရေးအခမဲ့ စစ်ဆေး



ကျိုက်မရော မေ ၁၅

ကျိုက်မရောမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပိန်းနဲကုန်းကျေးရွာ ( အ ထ က ) ကျောင်းခန်းမ၌ ပြုလုပ်ရာ မြို့နယ်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က ပိန်းနဲကုန်းကျေးရွာရှိ ပြည်သူ ၉၈ ဦးအား ကျန်းမာရေးစစ်ဆေး၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## ဝေါမြို့နယ်၌ သဘာဝသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက် စိုက်ပျိုးပွဲ ကျင်းပ

ဝေါ မေ ၁၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျိုက်လှကျေးရွာနှင့် ကမာကဘန်ကျေးရွာတို့၌ ယမန်နေ့နံနက်ပိုင်းက သဘာဝသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးက နွားကျင်ငယ်ရည်ရွက်ဖျန်းမြေဩဇာ ပြုလုပ်သုံးစွဲရေး၊ အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အီးအမ်ဘိုကာရှီပြုလုပ်ပုံ အဆင့်ဆင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ကော့သောင်းမြို့နယ် စံပြကျေးရွာရှိ တောင်သူများအား မျိုးစေ့ချကိရိယာပေးအပ်

ကော့သောင်း မေ ၁၅

ကော့သောင်းမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာရှိ တောင်သူများအတွက် Seeder (မျိုးစေ့ချကိရိယာ)ပေးအပ်ပွဲကို ချောင်းဝကျေးရွာ၌ ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က အမှာစကားပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူးက Seeder (မျိုးစေ့ချကိရိယာ) ပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ချောင်းဝကျေးရွာနေ တောင်သူများအတွက် Seeder (မျိုးစေ့ချကိရိယာ)များ ပေးအပ်ခဲ့သည်။

ခရိုင် (ပြန်/ဆက်)

## ကျောက်ကြီးမြို့နယ်၌ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်

ကျောက်ကြီး မေ ၁၅

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယမန်နေ့က မြို့နယ်အခြေခံပညာအထက်တန်းကျောင်း အင်ကြင်းဆောင်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ စီမံမှုဖြင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၆ ကျောင်းရှိ ကျောင်းအုပ် ဆရာ ဆရာမများအား ကျောင်းသုံးပုံနှိပ် စာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများအား ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် မီးသင်္ဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသင်္ဂြိုဟ်စက်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ( ၁၈ - ၅ - ၂၀၂၆)ရက် ( တနင်္လာနေ့ )

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - (၂၅ - ၅ - ၂၀၂၆)ရက် (တနင်္လာနေ့ ) (၉:၃၀) မှ( ၄:၃၀)နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့** - (၂၈ - ၅ - ၂၀၂၆)ရက် (ကြာသပတေးနေ့)(ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ်အတွက် လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ( ၁၈ - ၅ - ၂၀၂၆) ရက် ( တနင်္လာနေ့ )

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်ရက်/အချိန်** - ( ၂၅ - ၅ - ၂၀၂၆)ရက် ( တနင်္လာနေ့ ) (၉:၃၀) မှ (၄:၃၀)နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့** - (၂၈ - ၅ - ၂၀၂၆) ရက် (ကြာသပတေးနေ့)(ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသော အမှိုက်သိမ်း (TC)သံကန် (အကြီး၊ အသေး)များနှင့် မြောင်းစာသိမ်းသံကန်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန် (အကြီး၊ အသေး) များနှင့် မြောင်းစာသိမ်းသံကန်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါ သည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ( ၁၈ - ၅ - ၂၀၂၆)ရက် ( တနင်္လာနေ့ )

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - ( ၂၅ - ၅ - ၂၀၂၆)ရက် ( တနင်္လာနေ့ ) ( ၉ : ၃၀ )မှ( ၄ : ၃၀ )နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့** - (၂၈ - ၅ - ၂၀၂၆) (ကြာသပတေးနေ့)(ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မဟော်ကျိန်းကိုင်း ၁၃/လရန(နိုင်)၂၅၅၀၂၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09699988619

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကြက်ရုံးလေးကျေးရွာနေ ဦးခင်လှိုင်၏သမီး မမေဦးခင် ၈/အလန(နိုင်)၂၀၃၆၂၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF-156010) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၅၀၁၄၇၃၄

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် (၂၀၂၆-၂၀၂၇) ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်း (၂) တွင်း တူးဖော်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ရယူနိုင်ပါသည်။ တင်ဒါလျှောက်လွှာပုံစံအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်း ရမည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၁၈ - ၅ - ၂၀၂၆) ရက်၊ နံနက် (၀၉:၃၀) နာရီ

**တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - (၂၉ - ၅ - ၂၀၂၆)ရက်၊ ညနေ (၁၆:၃၀) နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဖုန်း -၀၆၇-၃၄၁၁၂၃၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသော အမှိုက်သိမ်း (TC) သံကန်များအသစ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC) သံကန်များအသစ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါ သည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၈ - ၅ - ၂၀၂၆)ရက် (တနင်္လာနေ့ )

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - ( ၂၅ - ၅ - ၂၀၂၆) ရက် (တနင်္လာနေ့ ) ( ၉ : ၃၀ )မှ( ၄ : ၃၀)နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့** - (၂၈ - ၅ - ၂၀၂၆)ရက် (ကြာသပတေးနေ့)(ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်း မည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင်အသုံးပြုရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်၍ တာယာဆိုဒ်စုံ (၁၀) မျိုး (၂၅၂)လုံးနှင့် ဘက်ထရီဆိုဒ်စုံ (၆) မျိုး (၁၇၉) လုံးအတွက် လျှောက်လွှာ (၁) စုံလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် လည်းကောင်း၊ ယာဉ်၊ စက်၊ ယန္တရားအပိုပစ္စည်း (၁၂) မျိုးအတွက် (၁) မျိုးလျှင် ငွေကျပ် ၁၀၀၀၀/- နှုန်းဖြင့် (၂၅-၅-၂၀၂၆ မှ ၂၉-၅-၂၀၂၆) ရက်ထိ ၆၂ လမ်း (၁၀၆ လမ်း x ၁၀၇ လမ်းကြား) စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား (၁၈-၆-၂၀၂၆) ရက်၊ နံနက် (၀၉:၀၀) နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ (၁) ၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန် အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖုန်း- ၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၂၆၂၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ တိုက်အမှတ်(၂၂၅)ရှိ တိုက်ခန်းများအနက်မှ အကျယ်အဝန်း(၁၂ ½ ပေ x ၆၅ ပေ)ရှိသည့် ၃-လွှာ (A3) ဟုခေါ်တွင်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူ၍လက်ရှိထားပိုင်ဆိုင်သည်ဟုဆိုသူ ဒေါ်သူဇာဝင်း (၁၂/သဃက(နိုင်)၁၄၆၄၀၂)ထံမှ ဦးဇော်သူရ (၁၂/သကတ(နိုင်)၁၆၄၁၅၃)က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်နီလာမျိုးထွန်း (LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၃၉၀၈)**
**အမှတ်(၇၂)၊ ခေမာသီလမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၉၉၈၈၃၆**


ရွှေမိုးကောင်းကွန်ဒို မှ
အထူးပရိုမိုးရှင်း
(၂၅%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

Condo Facilities
- (24 Hour) Lift/Electricity/Security & CCTV
- Own Meter Sub Meter
- Fiber Internet System
- Swimming Pool & Gym
- Play Ground & Garden
- EV Car Station
- Grond Floor Area, Shopping Mall
- Sqft (1000) အထက်ကို ကားပါကင် (၁)စီးရာသက်ပန်အပိုင်ရရှိခွင့်
- Sqft (1000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
- Water System, Overhead Tank & Underground Tank

ဆက်သွယ်ရန်ဖုန်း - ၀၉-၃၆၁၂၈၈၁၃၊ ၀၉-၂၅၄၀၃၄၈၇၁




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ(၁၀)လမ်းအနောက်၊ အမှတ်(၉၀၃)၊ အခန်းအမှတ်(တတိယထပ်)(၄-လွှာ)(ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ရီ (၁၂/သကတ(နိုင်)၁၃၇၅၈၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အိအိအောင် (၁၂/မဂဒ (နိုင်)၁၃၂၂၆၈)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** — **ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)** — **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** — **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး ကျေးရွာအုပ်စု၊ သဃ်္ဃန်းကျွန်းအနောက်ပိုင်းရပ်ကွက်၊ ဇောတိက(၆)လမ်းရှိ မြေကွက်အမှတ်(၅၃၄/အေ)ဟုခေါ်တွင်သော ရွာမြေအမျိုးအစား (အလျား ၅၂ပေ x အနံ၁၅ပေ) ရှိခြံမြေကွက်နှင့်တကွ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်၊ စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှပုမ (၁၁/မပန(နိုင်)၁၀၈၄၈၃)နှင့် ဦးမြတ်စိုးထွန်း(၁၁/မဥန(နိုင်)၀၉၅၈၈၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝင်း(၁၁/ရသတ(နိုင်)၀၅၆၁၁၃) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သန်းသန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊မှန်ခန်း(ဘီ)၊ဇမ္ဗူသိင်္ဂီလမ်း၊ဗိုလ်ကုံညွန့်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၇၂၄၆၃၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ် (၄၈)၊ စိန်ပန်းလမ်းနှင့် ဂန္ဓမာလမ်းကြား၊ စံပယ်လမ်းပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်သိန်း(ခ)ချစ်သိန်း ၉/အမရ(နိုင်)၀၁၀၉၂၆က အမှုတွဲအမှတ် (၀၁၈၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့နယ် လူးခင်းကျေးရွာနေ မမေသူခိုင် ၉/ဝတန(နိုင်)၂၂၃၉၅၈ (စ-မ-၄၅၁) ၏ ဖခင်အမည်မှာ ဦးစန်းအောင်(ခ)ဦးဆန်းအောင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၆)၊ Grade-5 မှ မဆန်းဒေးပန် ၏ ဖခင်အမည်မှန်မှာ ဦးလရှမ်းဂမ်ဖန် ၁/ဝမန(နိုင်)၂၄၅၁၁၄ ဖြစ်ပါကြောင်း။

## အမည်မှန်

မြစ်ကြီးနားမြို့၊ ရာဒါကောင်း(B)၊ အမှတ်(၂/၁၇)နေ ဦးဂျွမ်ဆိုင်းလောဒ်အောင် ၏ အမည်မှန်မှာ ဦးတန်ဘောင်ဆိုင်းလောဒ်အောင် ၁/မကန(နိုင်)၁၉၀၅၇၆ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ နှင့် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း နှင့် ရုံးသုံးစက်ပစ္စည်း(Printer) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၂၆ရက် (သောကြာနေ့)
**တင်ဒါပုံစံ နောက်ဆုံးရောင်းချမည့်ရက်** - ၃-၆-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၆-၂၀၂၆ရက် (သောကြာနေ့) (၁၆:၀၀) နာရီထိ

၂။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို ပဲခူးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး(ပဲခူးမြို့) အင်ဂျင်နီယာဌာန၊ ဖုန်း ၀၅၂-၂၂၂၂၂၈၇ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

## CNG (ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်) ပျောက်ဆုံးကြောင်း

Trans Link Public Co.,Ltd. ပိုင်ဆိုင်သောယာဉ်အမှတ်-6L-2944 ကားအတွက် ထုတ်ပေးထားသော သဘာဝဓာတ်ငွေ့ထုတ်ယူခွင့် စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၃၆၅၆၇

## ပျောက်ဆုံးကြောင်း

ဦးရဲကိုကို (ဘ)ဦးဖိုးအေးကြီး ၁၂/ကမရ(နိုင်)၀၅၈၆၉၈၏ Passport No (356292)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၀၂၂၀၆

## ပျောက်ဆုံးကြောင်း

ဒေါ်ခိုင်ဝေမွန်ဖူး(ဘ)ဦးနိုင်လင်းအောင် ၁၂/မဂဒ(နိုင်)၁၅၈၃၀၀၏ Passport No (340034) သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၀၂၂၀၆

## ပျောက်ဆုံးကြောင်း

(ဘ) ဦးရဲကိုကို၏ သမီး မရွှေရောင်ပွင့်သူ၏ Passport ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၀၂၂၀၆

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၃B)ရွာဘဲမြောက်အကွက်၊ ဦးပိုင်အမှတ် (၂၄ᵍ) မှ မြေဧရိယာ (၀ ဒသမ ၀၇၅) ဧကရှိမြေသည် မူလတွင် ဒေါ်အေးအေးမြင့်၊ ဒေါ်မိုင်ခင်မူလွင်၊ ဦးဆလိုင်းချိုချိုလွင်၊ ဒေါ်မိုင်စီစီလွင်၊ ဦးဆလိုင်းညီညီလွင်၊ ဒေါ်မိုင်သူဇာလွင်တို့(၆)ဦးအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားရာမှ အဆိုပါမြေကွက်ကို အမည်ပေါက်သူ ဒေါ်အေးအေးမြင့်ပါ(၆)ဦးမှ (၂၈.၁.၂၀၂၆) ရက်တွင် ဦးထွန်းမင်းအား တရားဝင်စာချုပ်မှတ်ပုံတင်ပြုလုပ်၍ စာချုပ်အမှတ်(၀၀၉/၂၀၂၆)ဖြင့် လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူအမည်ဖြင့် မြေငှား ဂရန်အမည်ပြောင်း လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ် (၉၄)၊ ကျောက်ရေတွင်းအကွက်၊ ဦးပိုင်အမှတ် (၁၂ᵏ)၊ မြေဧရိယာ (၀.၃၈၀) ဧကအနက်မှ (၀.၁၄၄) ဧကရှိ မြေကွက်အား အရှေ့ဘက် -ဦးပိုင်အမှတ်(၁၂ᵃ)၊ အနောက်ဘက်-ရေမြောင်း ၊ တောင်ဘက် -ရေမြောင်း၊ မြောက်ဘက်-သထုံ-ဘားအံကားလမ်းရှိမြေကို ဘိုးဘပိုင်မြေအမည်ပြောင်းပေးရန် ဦးသန်းဖေမှလျှောက်ထားလာသည့်အတွက် ဦးသန်းဖေ၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၆)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ် မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ဒေါ်စောပိုးရိတ်(၁၂/ဥကမ(ပြု)၀၀၀၀၉၇)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ အမှတ်(၃) ရပ်ကွက်နေ ဦးကိုနိုင် (၁၂/ကတတ(နိုင်)၀၂၅၁၅၈)နှင့် ဒေါ်စောပိုးရိတ်(၁၂/ဥကမ(ပြု)၀၀၀၀၉၇) တို့သည် ဗုဒ္ဓဘာသာ မြန်မာဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြသော အကြင်လင်မယားများဖြစ်ကြပြီး၊ (၁၁- ၁၂-၂၀၂၅)ရက်က ဒေါ်စောပိုးရိတ်သည် ဦးကိုနိုင်၏နိုင်ငံသားစိစစ်ရေးကတ်နှင့် ရွှေဟန်းချိန်း (၃/ကျပ်သား) အခေါက်ရွှေ (၁၀/ကျပ်သား)တို့ကိုယူဆောင်၍ နေအိမ်မှဆင်းသွားခဲ့ပြီး ယနေ့တိုင် နေအိမ်သို့ ပြန်လာခြင်းမရှိပါသဖြင့် ဒေါ်စောပိုးရိတ်နှင့်ပတ်သက်သမျှ မည်သည့်ကိစ္စကိုမျှ ဦးကိုနိုင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ဒေါ်စောပိုးရိတ်နှင့် ပတ်သက်သမျှ ကိစ္စအရပ်ရပ် တို့သည် ဦးကိုနိုင်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ဒေါ်စောပိုးရိတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်လှိုင် ( LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၀၇၈(၆-၃-၂၀၁၂)**
**ရှေ့နေများရုံးခန်း၊ အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း၊ တပ်ကြီးကုန်း၊ မှော်ဘီမြို့နယ်၊ Ph: 09-5097751**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) တောင်ကြီးခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

| | | |
|---|---|---|
| ဒေါ်ချမ်းမြစု (၎င်း၏အထွေထွေကိုယ်စားလှယ် ဒေါ်ချောစုမေ) | နှင့် | ၁။ ဒေါ်သန်းစိန် ၂။ ဦးစိုင်းကြည်သိန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ရှမဝတိုက် (ပြည့်စုံလျှပ်စစ်ဆိုင်)နေ ဒေါ်သန်းစိန် နှင့် ဦးစိုင်းကြည်သိန်း (ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။

သင့်အပေါ်၌တရားလိုက "စာချုပ်ပျက်ပြယ်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုနှင့် ဝေစုခွဲဝေပေးစေလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်း အမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေ(၂၆)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လတ်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၁၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဦး)**
**ဒုတိယခရိုင်တရားသူကြီး( ၃ )**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RAV) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၄၉/၁၁)၊ မြေယာအမှတ် (၂၀/၁၁)၊ မြေဧရိယာ (၀. ၀၅၅)ဧက (လက်ရှိ မြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုဦးသန်းလွင် (၉/မမန(နိုင်)၀၁၇၃၇၂)၊ ဒေါ်တင်တင်အေး (၉/မမန(နိုင်) ၀၂၇၂၇၈)၊ ဒေါ်နုနုရည် (၉/မမန (နိုင်)၀၇၆၁၈၄) တို့ထံမှ ဦးစိုးမိုးအောင် (၉/ပဥလ(နိုင်)၀၂၄၅၂၄) က (အရပ်ကတိစာချုပ်) ဖြင့်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးမိုးအောင်** | **ဦးနေမျိုးဇော် (LL.B, D.B.L)** |
| **၉/ပဥလ(နိုင်)၀၂၄၅၂၄** | **တရားလွှတ်တော်ရှေ့နေ အမှတ်(၁၃၅)၊** |
| | **မေခလမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် (၁၁၉၇)၊ ဧရိယာ(၀.၀၈၂)ဧက အကျယ်အဝန်းရှိ နှစ်(၃၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်အား မြေငှားဂရန်မူရင်းနှင့်တကွ လက်ရောက်ပိုင်ဆိုင်ထားရှိသည့် ဦးဇော်ဝင်းရှိန်(ဘ)ဦးခင်ဇော်ရှိန် (၁၂/ကမရ(နိုင်)၀၅၇၁၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းဝင့်အောင်က အပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့အားစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းထွန်း(LL.B,D.BL)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၁၃၉)**
**အမှတ်(၂၆၇)၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့။**
**ဖုန်း-၀၉-၉၅၆၄၁၁၄၁၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ် ၊ မော်လမြိုင်မြို့ ၊ ငန်းတေးရပ်ကွက် ၊ အုန်းခြံနယ်မြေ(၁) ၊ အမှတ်(၁၂၅၇)နေ ဦးတင်ဝင်းလှိုင် (၇/ကဝန(နိုင်)၁၀၆၆၄၂) နှင့် ဒေါ်တင်တင်မာ (၁၀/မလမ(နိုင်)၁၂၇၅၁၃) တို့၏သားဖြစ်သည့် မောင်ကောင်းမြတ်ဦး (၁၀/မလမ(နိုင်)၂၈၈၅၄၂) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန်နှင့် ဆိုဆုံးမ၍မရအောင် ပြုမူပြောဆိုလုပ်ဆောင်နေသည့် ကိစ္စရပ်များအား ပြုလုပ်သည့်အပြင် ၎င်း၏စိတ်သဘောအတိုင်း(၁၅-၃-၂၀၂၆) ရက်နေ့တွင် နေအိမ်ပေါ်မှဆင်းသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မောင်ကောင်းမြတ်ဦး၏ ကိစ္စအဝဝတို့သည် ဦးတင်ဝင်းလှိုင်၊ ဒေါ်တင်တင်မာတို့နှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုနွယ်စိုး (LL.B) (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၆၀၀)**
**အမှတ်(၈၉၃) သီရိမင်္ဂလာ(၁၈)လမ်း ၊**
**သီရိမင်္ဂလာရပ်ကွက် ၊ မော်လမြိုင်မြို့**

## အမည်မှန်

ဖြူးမြို့နယ်၊ အလက(ခွဲ)မြို့မ-၂ ကျောင်းမှ အလယ်တန်းပြဆရာမ ၇/ဖမန(နိုင်)၁၁၀၉၆၀ ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဒေါ်ညွန့်ရီ ဖြစ်ပါကြောင်း။

**ဒေါ်ညွန့်ရီ**

## အမည်ပြောင်း

ဦးဖြိုးမင်းသူ ၁၄/ဘကလ(နိုင်) ၂၄၁၆၉၆၏သား၊ သဃ်န်းကျွန်းမြို့နယ်၊ Prime International School မှ ကျောင်းသား မောင်အဂ္ဂဖြိုးအား မောင်ကောင်းခန့်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းခန့်သူ**

## ပျောက်ဆုံးကြောင်း

နော်သက်ဝေ (ဘ) ဦးမြင့်ဝေ ၃/သတက(နိုင်)၀၂၁၇၈၅၏နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၅၀၅၀၆၃၂၂

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၈၊ မြေကွက်အမှတ်-၅၃၃၊ ဦးထွန်းအုံလမ်း၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိဒေါ်ခင်ညွန့်ညွန့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အေးမြတ်မြတ်မွန် [၅/ပလန(နိုင်)၀၃၈၈၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွန်းမွန်းမိုင် (၁၂/ဒဂန(နိုင်)၀၂၃၈၈၀) ကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မွန်းမွန်းမိုင်** | **ဒေါ်သူဇာဝင်း ( LL.B)** |
| **(၁၂/ ဒဂန(နိုင်)၀၂၃၈၈၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၂၆)** |

**အမှတ်(၄၀၃)၊ သပြေလမ်း၊ (၅)ရပ်ကွက်၊ ရွှေခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၄၄၄၉၃၅၈၄၄၊ ၀၉-၉၆၅၅၅၅၉၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈(သမိုင်း)၊ ကုန်းမြင့်ရိပ်သာလမ်း၊ မြေကွက်အမှတ်( ၁၀-၉၄ / ၁-စီ ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၀.၀၈၉)ဧကရှိ မြေပိုင်မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးမူ (RGN-၀၁၅၃၁၆) (၁၂/မရက(နိုင်)၀၅၅၂၄၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုမာလွင် (၁၂/ရကန(နိုင်)၀၄၃၂၄၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉ -၉၇၃၀၀၂၁၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်ထံမှ နတ်တော်ကုမ္ပဏီလီမိတက်က ဝယ်ယူထားသည့် နှစ် (၆၀) မြေငှားဂရန်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့် နတ်တော်ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၃၄၆၅၀၄၇) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ မြေကွက်များအနက် ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် နှစ် (၆၀) မြေငှားဂရန်များ တရားဝင် ထုတ်ပေးထားသည့် မြေကွက်များကို ကျွန်ုပ်၏အမှုသည်က ကာလတန်ဖိုးငွေများဖြင့် ဝယ်ယူခဲ့ပါသည်။ ရောင်းချသူ ဂရန်အမည်ပေါက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ မြေရာဇဝင်များ တရားဝင်ရေးကူးထုတ်ပေးပြီး၊ မြေပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မြေနေရာများကို ကျွန်ုပ်၏အမှုသည် လက်ဝယ်သို့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီသည် ဇေကမ္ဘာကုမ္ပဏီအမည်ဖြင့် တရားဝင် မှတ်သားထားသော နှစ် (၆၀) ဂရန်မြေကွက်များကို ဝယ်ယူခဲ့ခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်အခွန်ငွေများပေးဆောင်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်း လုပ်ငန်းစဉ်များအားလုံးကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီက ဝယ်ယူခဲ့သော ဇေကမ္ဘာကုမ္ပဏီအမည်ပေါက် ဂရန်မြေများနှင့်ပတ်သက်၍ ဂရန်ထုတ်ယူထားသည့်အချိန်မှ ယနေ့ချိန်ထိကာလအတွင်း ဥပဒေအရ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ဇေကမ္ဘာကုမ္ပဏီလီမိတက်အပေါ် မည်သူတစ်ဦး တစ်ယောက်ကမျှ သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲတောင်းဆိုခဲ့ဖူးခြင်းမရှိကြောင်းကို ဇေကမ္ဘာ ကုမ္ပဏီလီမိတက်၏ ပြောကြားချက်အရ သိရှိရကြောင်းလည်း အများသိစေရန် အသိပေးအပ်ပါသည်။

အချို့သောလူပုဂ္ဂိုလ်များသည် အဆိုပါမြေနေရာများနှင့်ပတ်သက်၍ လူအများ ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းများအား လူမှုကွန်ယက်စာမျက်နှာများတွင် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါလူပုဂ္ဂိုလ်များ ပြောဆိုသည့်မြေအမျိုးအစားများသည် ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီက ဝယ်ယူထားသည့် မြေအမျိုးအစားများနှင့် တူညီခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်အမှုသည်နတ်တော်ကုမ္ပဏီနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီသည် ဇေကမ္ဘာကုမ္ပဏီထံမှ မည်သည့်လယ်ယာမြေကိုမျှ ဝယ်ယူခဲ့ဖူးခြင်းမရှိကြောင်းနှင့် ဇေကမ္ဘာကုမ္ပဏီ အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်များကိုသာ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခု၏ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အခွင့်အရေးများအတိုင်း ကုန်သည်စည်းကမ်းများ၊ ကျင့်ဝတ်များနှင့်အညီ ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်အမှုသည် နတ်တော်ကုမ္ပဏီက ဝယ်ယူထားသည့် မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ အိမ်ရာစီမံကိန်း အတွင်းရှိ မြေနေရာများနှင့်ပတ်သက်ပြီး ဥပဒေအရ မှန်ကန်ခိုင်လုံသည့် သက်သေအထောက်အထား တင်ပြနိုင်ခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ကျွန်ုပ်၏အမှုသည် နတ်တော် ကုမ္ပဏီလီမိတက်ကို နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လာသည့် ဥပဒေနှင့် မညီသော၊ ပြုလုပ်မှု၊ ဆောင်ရွက်မှုများအပေါ် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြာဖြူဝတ်ရည် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၈၉)**
**တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ငွေလုံးငွေရင်း ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Landscaping လုပ်ငန်း၊ ဒဂုံတက္ကသိုလ်မှ မြေဖို့ခြင်းလုပ်ငန်း၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ဆေးသုတ်ခြင်းလုပ်ငန်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ မိုးညှင်း တက္ကသိုလ်၊ လှိုင်ကော်တက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ မြင်းခြံတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ စစ်တွေတက္ကသိုလ် နှင့် ဟုမ္မလင်းဒီဂရီကောလိပ်တို့မှ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေဖြင့်) အိတ်ဖွင့်တင်ဒါပေးသွင်း နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ၁၉-၅-၂၀၂၆ ရက်(အင်္ဂါနေ့)မှစတင်၍ ဝယ်ယူနိုင်ပြီး တင်ဒါဝယ်ယူခဲ့သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ၁၈-၆-၂၀၂၆ရက်(ကြာသပတေးနေ့) ၁၆:၀၀ နာရီနောက်ဆုံးထားပြီး ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်စီးပွားရေးတက္ကသိုလ်-၀၉-၂၅၀၁၈၆၈၁၉၊ ဒဂုံတက္ကသိုလ်-၀၉-၅၀၄၆၂၃၉၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်-၀၉-၂၅၀၁၈၇၀၈၂၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်-၀၉-၂၅၀၉၅၅၁၅၀၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်- ၀၉-၇၉၃၉၂၈၇၉၉ - မြစ်ကြီးနားတက္ကသိုလ်-၀၉- ၂၄၀၂၀၄၂၊ မိုးညှင်းတက္ကသိုလ်- ၀၉-၇၇၁၇၇၇၀၇၂၊ လှိုင်ကော်တက္ကသိုလ်-၀၉-၄၂၉၇၇၁၂၇၁၊ မုံရွာတက္ကသိုလ်- ၀၉-၄၂၉၈၂၄၅၅၃၊ မုံရွာစီးပွားရေးတက္ကသိုလ်- ၀၉-၄၂၅၃၂၀၅၁၊ ရွှေဘိုတက္ကသိုလ်-၀၉-၄၀၀၄၇၈၆၃၆၊ ထားဝယ်တက္ကသိုလ်-၀၉-၄၅၄၄၂၆၆၀၇၊ မြိတ်တက္ကသိုလ်- ၀၉-၄၄၄၀၄၀၂၈၈၊ မြင်းခြံတက္ကသိုလ်- ၀၉-၇၉၈၄၈၈၉၈၄၊ ပခုက္ကူတက္ကသိုလ်-၀၉-၄၄၀၃၆၆၂၀၉၊ စစ်တွေတက္ကသိုလ်-၀၉-၂၅၀၃၂၉၀၅၀၊ ဟုမ္မလင်းဒီဂရီကောလိပ် ၀၉-၄၄၄၁၀၉၈၂၂ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်၊ အထက(၁) နေပြည်တော် Grade-6 မှ မအိမ့်ကြည်သာခင်၏ ဖခင် ဦးဘုန်းမြင့်၏ အမည်မှန်မှာ ဦးဖုန်းမြင့် ၅/ဟမလ(နိုင်)၀၉၈၆၅၄ ဖြစ်ပါကြောင်း။ **ဦးဖုန်းမြင့်**

## တစ်ဦးတည်းဖြစ်ကြောင်း

လယ်ဝေးမြို့နယ်၊ မှန်တောကျေးရွာ အထက(၁၉) Grade -12 မှ မောင်အောင်ရှိုင်းထက်နှင့် Grade-6 မှ မအိမ့်ဖူးဝေတို့၏ ဖခင် မောင်ဇော်(ခ)ကိုဇော် ၉/လဝန(နိုင်) ၂၃၉၃၅၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဇော်(ခ)ကိုဇော်**

## တစ်ဦးတည်းဖြစ်ကြောင်း

ပျော်ဘွယ်မြို့နယ်၊ အထက (နတ်စုန်းမှော်)မှ မူလတန်းပြ ဒေါ်ဖြူခင်(ခ)ဒေါ်ဖြူဖြူခင် ၉/ပဘန(နိုင်)၀၃၃၁၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးစံတင်၏သားဖြစ်သူ ကိုကြည်လှိုင် ၉/ ဝတန(နိုင်) ၀၁၂၆၄၂ နှင့် ဦးအောင်ကြည်လှိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာတောင်ပိုင်း၊ နယ်မြေ(၁၁)၊ ရတနာလမ်းပေါ်ရှိ အကွက်အမှတ်(၃၈)၊ အကျယ်အဝန်း(၀.၃၁)ဧက၊ ဒေါ်သီသီဟန်အမည်ဖြင့်မှတ်သားထားရှိသော မြေကွက်အတွင်းမှ ခွဲစိတ်ရောင်းချထားသောအမှတ်(၃၈/၁၀) (ပေ၂၀Xပေ၆၀)မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သည်ဟု ဝန်ခံအဆိုပြုသူ ဦးနောင်နောင်ရှင်း(၁၄/ဟသတ(နိုင်)၂၁၆၆၉၉)က ၎င်းကိုယ်တိုင် လွှတ်လပ်စွာရောင်းချစီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း တာဝန်ခံရောင်းချသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေများမှ (၁၃-၅-၂၀၂၆)ရက်တွင် ၎င်းထံမှ ကာလတန်ကြေးနှင့်အညီ ဝယ်ယူခဲ့ပြီး ယင်းမြေနှင့်အိမ်အား ဝယ်ယူကာ လက်ရောက်ရရှိ၍တရားဝင်နေထိုင် ပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် အထက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာတောင်ပိုင်း၊ နယ်မြေ(၁၁)၊ ရတနာလမ်းပေါ်ရှိ အမှတ်(၃၈/၁၀)အိမ်ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှလွဲ၍ မည်သူတစ်ဦး တစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့် မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းထွန်းဝင်း** | **ဒေါ်ဥမ္မာဦး (LL.B)** |
| **(၇/ပတန(နိုင်)၀၀၆၃၄၁)** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်သီသီစိုး** | **အမှတ် (၄၆)၊ (၁)လမ်း၊ (၁)ရပ်ကွက်** |
| **(၇/ပတန(နိုင်)၀၀၆၃၄၂)** | **မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **Ph:09-425311427 09-795559491** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၇၂၁၇၈, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မိုးခိုင်(၉/ပမန(နိုင်) ၁၈၃၅၉၂)က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၈၃၁၁, Luojia-125 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလင်းနိုင် ၉/လဝန(နိုင်) ၁၇၂၂၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/G-9R: Centralized internet Access Monitoring (CIAM) System အတွက် ပြည်တွင်းရှိ ကုမ္ပဏီတစ်ခုခုထံမှ အောက်ဖော်ပြပါလုပ်ငန်း (၃) ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဗဟိုဘဏ် နေပြည်တော်နှင့် ရန်ကုန်ရှိ CBM/G-9R: Centralized Internet Access Monitoring System - CIAM စနစ်တွင် Device များ၊ လိုင်စင်များတင်သွင်းခြင်းနှင့်တပ်ဆင်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊

(ခ) နေပြည်တော် Training Center တွင် Centralized Internet Access Monitoring System - CIAM စနစ်တွင် Device များ တင်သွင်းခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊

(ဂ) မန္တလေးဘဏ်ခွဲတွင် Centralized Internet Access Monitoring System- CIAM စနစ်တွင် Device များ တင်သွင်းခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ခြင်း။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၉-၅-၂၀၂၆) ရက်မှ (၂၆-၅-၂၀၂၆) ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၌ သတ်မှတ်တင်ဒါပုံစံကြေးဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂-၆-၂၀၂၆) ရက် မွန်းလွဲ (၂:၀၀) နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လ သက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့် အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(ငွေသား သို့မဟုတ် P.O Cheque ဖြင့်တင်သွင်းခြင်းကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနကြီး(နေပြည်တော်)၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ ဖုန်း-၀၆၇- ၃၄၁၈၆၉၈၊ ၀၂-၄၀၃၅၉၁၉(မန္တလေးဘဏ်ခွဲ)နှင့် Email လိပ်စာ it.ahrd@cbm.gov.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ Water Front Villa-3 ကမာကြည် အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၃၄၅)၊ (တိုက်-၃၇ဘီ)မြေနေရာအား အမည်ပေါက် ဦးတင့်ဆွေ (၃/ဘအန(နိုင်)၀၂၂၂၁၆)မှ မြေငှားစာချုပ် ဆောင်ရွက်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား (မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ နေဝင်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ရေကြည်မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၃.၂၃၅)ဧကရှိမြေအား ရေကြည်မြို့ ပြည်သူ့ဆေးရုံ မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေလွှဲပြောင်းလျှောက်ထားလိုပါသဖြင့် ဒေါက်တာတင်ထွန်းအောင် (မြို့နယ်ကျန်းမာရေးဦးစီးဌာနကိုယ်စား)မှ မြေပေးမိန့် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရေကြည်မြို့**

**(၅-၅-၂၀၂၆ ) မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ-၃၀ တွင် ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ၊ သံသုမာလမ်း ၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ (၄)လွှာ အခန်းအမှတ်- (၄၀၅) ကွန်ဒိုနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေ ဒေါ်နီလာအောင် (စဉ်-၇၇၂၅)၏ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် အမှန်တကယ်ရှိနေသော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဒေါ်ဒေစီတစ်ဦးတည်း၏ ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူထားခြင်းကြောင့် အမည်ခံပိုင်ဆိုင်ခြင်းမဟုတ်ဘဲ၊ ဒေါ်ဒေစီ၏အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သော အခန်းဖြစ်ပါကြောင်း ဖြစ်ရပ်မှန်အတိုင်း ရှင်းလင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်- ၉ နေဒေါ်ဒေစီ ၁၂ /မဂတ (နိုင်) ၀၄၅၀၂၂ ၏ လွှဲအပ်ညွှန်ကြားချက်များအရအောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းတွင် ဒေါ်အိမ့်အိအိဇော်မှ အခန်းသော့ဖျက်၍ခေတ္တဝင်ရောက်နေထိုင်ပြီး မူလနေထိုင်ရာအောင်ပန်းမြို့သို့ ပြန်သွားခဲ့ပြီးနောက် (၂၆-၃-၂၀၂၆) နို့တစ်စာအားဦးဇော်ထွန်းထံ အထောက်အထားမဲ့ပေးပို့လာသည့်အပေါ်တိကျခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများအရ ဒေါ်ဒေစီတစ်ဦးတည်း၏ ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူထားသဖြင့် အမည်ခံအဖြစ် ပိုင်ဆိုင်ခြင်း မဟုတ်ဘဲ အမှတ်တကယ်ပိုင်ဆိုင်သောအခန်းဖြစ်ပါကြောင်းကို (၁၃-၄-၂၀၂၆ )ရက် မြန်မာ့အလင်းတွင် ထည့်သွင်းကြေညာခြင်း၊ (၁၁-၄-၂၀၂၆) အကြောင်းပြန်ကြားစာအား ဦးဇော်ထွန်းမှ ဒေါ်အိမ့်အိအိဇော်ထံ ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း ၊MonthlyBill သက်သေအထောက်အထားများအရ အထက်ပါကွန်ဒိုအခန်းသည်ယနေ့တိုင် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ဒေစီမှအပ မည်သူတစ်ဦးတစ်ယောက်နှင့်မျှသက်ဆိုင်ခြင်းမရှိပါသောကြောင့် အဆိုပါအခန်းတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူများအပါအဝင် ဒေါ်ဒေစီ၏ပိုင်ဆိုင်မှုပစ္စည်းများနှင့် ဂုဏ်သိက္ခာထိခိုက်အောင်ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားသူ- ဒေါ်ဒေစီ ၁၂ /မဂတ (နိုင်)၀၄၅၀၂၂**

| | | |
|---|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ရီနွယ်သန်း** | **ဒေါ်ဝင်းဝင်းခိုင်** |
| **LLB, DBL, Wipo Switzarland** | **LLB (၅၅၁၇၁/၂၂)** | **LLB (၅၅၇၈၇/၂၂)** |

**တရားလွှတ်တော်ရှေ့နေ(၁၈၇၉ / ၂၀၁၇ ) အထက်တန်းရှေ့နေများ**
**ရုံးအမှတ် - ၂၄၄ -က၊ ပထမထပ်၊ သံသုမာလမ်းမကြီးပေါ်၊**
**သွပ်ဝိုင်းကြီးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၀၉၉၃၇၊ ၀၉ - ၇၆၄၂၀၆၁၂၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)
## သန်လျင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆

| | | |
|---|---|---|
| ဦးဇိုင်ဇိုင်အောင် | နှင့် | ဦးလှမြိုင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊အမှတ်(-)၊ သခင်ဖိုးလှကြီးလမ်းသွယ်(၂)၊ အောင်ချမ်းသာရပ်ကွက် (ယခုနေရပ်လိပ်စာ မသိ) တရားပြိုင် ဦးလှမြိုင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇိုင်ဇိုင်အောင်က ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်၊ (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ရက်) တနင်္လာနေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင် မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်မိုး)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ဇေယျဝတီ အမက(၂)Grade-5 တွင် ပညာသင်ကြားနေသော မောင်စည်ပြည့်မောင်နှင့် Grade(1)တွင် ပညာသင်ကြားနေသော မခိုင်သဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးတူး ၈/အလန(နိုင်)၁၅၂၉၁၉ ဖြစ်ပါကြောင်း။ **ဦးတူး ၈/အလန(နိုင်)၁၅၂၉၁၉**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုင်းယီ၏သမီး ကျွန်မ နန်းစံတစ် (၁၃/ကတန(နိုင်) ၁၆၃၇၇၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-484712) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၄၀၈၆၆၃၃၆**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုးသိန်း၏သား ကျွန်တော် ခွန်ကျော်ထူး (၁၃/တကန(နိုင်)၂၁၄၈၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၃၂၀၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/35883, Honda Wave- 110 ယာဉ်လက်ဝယ်ရှိသူ စိုင်းရှဲန်ယွတ် (၁၃/တခလ(နိုင်)၀၄၆၇၄၆)မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့(၂)၊ မြေကွက်အမှတ်(၅၉၄)၊ အလျားxအနံ (၄၃ ပေ x၆၀ ပေ)အကျယ်ရှိ ဒေါ်နုနုအေး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁)ဒေါ်လေးစန္ဒာထွန်း (၉/မထလ(နိုင်)၀၀၁၃၇၀)၊ (၂)ဒေါ်မျိုးမဦး(၁၄/ဘကလ(နိုင်)၀၀၁၅၈၂)၊ (၃) ဒေါ်လေးနီလာထွန်း (၉/မထလ(နိုင်)၁၆၉၂၇၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်သူ (၁၂/မရက(နိုင်) ၁၃၆၇၉၃) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇာနည်(LLB, DBL, DIPL)(စဉ်-၁၄၆၆၈)၊ ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B,DIPL)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့ ။ ဖုန်း - ၀၉- ၄၂၀ ၃၀၀ ၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၉၆၉)၊ မြေတိုင်း (၃)လမ်း၊ ဦးမြင့်အောင် (YDN-၀၈၂၁၈၀) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်၊ အကျယ်အဝန်းပေ(၄၀x၆၀) မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၉၆၈) နှင့် ကပ်လျက်ဘက်အခြမ်း (ဂရန်မိတ္တူခြမ်း) အကျယ်အဝန်းပေ(၂၀x၆၀)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းရွှေရည်ဝင်း (၁၂/မရက(နိုင်)၁၃၀၁၃၆၅)မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသော်ကိုကိုဖြိုး (၆/မအရ(နိုင်)၁၀၉၆၇၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေနွယ်အောင် (LL.B, DL-101 (Ver-2), WIPO (Switzerland) အထက်တန်းရှေ့နေ (စဉ်-၅၆၈၄၇)**
**အမှတ် (၆/၁)၊ ခွာညိုလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၂၀၂၁၇၂၇၂၊ ၀၉-၉၆၄၂၁၇၂၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ မြေကွက်အမှတ် -၅၁၉/က၊ အကျယ်အဝန်း(ပေ၂၀ x ပေ ၆၀)၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဒေါ်နှင်းပုလဲ (၇/ပမန(နိုင်)၁၇၃၇၉၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝါဝါဝင်းရွှေ(၅/ဟမလ(နိုင်)၁၂၁၉၉၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့မဟုတ်)ရောင်းချသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူမည်သူမဆိုသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကိုတရားဝင် အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လင်းအိခိုင်ဇင်(LL.B) (စဉ်-၁၆၂၅၄) ဦးချမ်းငြိမ်းဇေယျာလင်း(LL.B ) (စဉ် - ၅၅၃၅၈)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်-၈၅၇/ခ၊ ၂-လမ်း၊ အပိုင်း(၅)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၅၃၇၂၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁/မြစိမ်းရောင်စက်မှုဇုန်)၊ မြေကွက်အမှတ် (၄၂+၄၃+၄၄+၄၅+၄၆+၄၇)၊ ဧရိယာ(၁.၆၁၄)ဧကရှိ ဦးခင်မောင်ဌေး (၁၄/ဟသတ(နိုင်)၀၀၀၅၀၃) အမည်ပေါက်နှစ်(၆၀) စက်မှုဇုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၈)၊ မြသစ္စာလမ်း၊ မြစိမ်းရောင်စက်မှုဇုန်၊ လှိုင်သာယာ အနောက်ပိုင်းမြို့နယ်ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ မိုဟာမက်အာလ်သာစ်(ခ)ရာဇာထွန်း(၁၄/ဟသတ(နိုင်)၀၀၀၅၀၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရာဇာထွန်း(၁၂/တမန(နိုင်)၁၁၃၄၉၈)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေ (မြန်မာကျပ်ငွေ)များဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| ၁။ | မြစ်ကြီးနားလေဆိပ်၊ လေယာဉ်ပြေးလမ်း အရှေ့ဘက်ခြမ်းရှိ ပင်မရေနုတ်မြောင်း အလျား(၁၆၀၀)ပေအား ကျောက်စီရေနုတ်မြောင်း တည်ဆောက်ခြင်း | လုပ်ငန်း တစ်ရပ် |
| ၂။ | မြစ်ကြီးနားလေဆိပ်၊ လေဆိပ်အဆောက်အဦ (၂၀၀x၈၀)ပေအား ပြုပြင်မွမ်းမံခြင်း (အမိုး၊ မျက်နှာကြက်၊ နံရံ၊ တံခါးပြတင်းတို့အား ပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း) | ။ |
| ၃။ | ကလေးမြို့ လေဆိပ်၊လေယာဉ်ရပ်နားနေရာ (၃၀၀x၂၀၀)ပေအား ထပ်ပိုးလွှာ တင်ခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်း | ။ |
| ၄။ | ကလေးမြို့ လေဆိပ်၊ မီးသတ်အဆောက် အဦ (၃၄x၃၆x၁၈)ပေ R.C တစ်ထပ် အဆောက်အဦနှင့် မီးသတ်ကားအဝင်လမ်း (၂၀၀x၁၅)ပေ ၉ လက်မထု ကွန်ကရစ်ခင်းခြင်း | ။ |
| ၅။ | ကလေးမြို့လေဆိပ်အဆောက်အဦ (၁၂၀x၁၀၀)ပေ အကြီးစားပြင်ဆင်ခြင်း (အမိုးမျက်နှာကြက်များ၊ ရေမီး၊ ဆေး၊ ကြွေပြား၊ သန့်စင်ခန်းသုံးပစ္စည်းများ အစားထိုးလဲလှယ်ခြင်း) | ။ |
| ၆။ | ကလေးမြို့ လေဆိပ်ဝန်ထမ်းအိမ်ရာ(၄၀x၂၀)ပေ(၂)လုံး၊ (၂၀x၂၀)ပေ (၁) လုံး၊ စုစုပေါင်း (၃)လုံးအား အကြီးစားပြင်ဆင်မွမ်းမံခြင်း | ။ |
